ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (7-9-2015) (၈၃၁၆)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရာဇီးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သည့် ဘရာဇီးပြည်ထောင်စု သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စ ဒဲလ်မား ဗာနာ ရိုးဆပ်ဖ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | |
|---|---|---|
| ဝ | ၄ ဒသမ ၂၅ | လက်မ |
| ပူတာအို | ၄ ဒသမ ၂၁ | လက်မ |
| ပေါင် | ၃ ဒသမ ၆၆ | လက်မ |
| ခန္တီး | ၂ ဒသမ ၉၅ | လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၆၀ | လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၄၀ | လက်မ |
| မဒေါက် | ၂ ဒသမ ၃၂ | လက်မ |
| ပဲခူး | ၂ ဒသမ ၂၈ | လက်မ |
| ဆော | ၁ ဒသမ ၈၆ | လက်မ |

## ခန္တီးမြို့စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၃ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်းသိရသည်။ **(ကြေးမုံ)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံသို့ ရောက်ရှိ

သတင်း စာမျက်နှာ ➤ ၃



# အာရ်ဘီအီး အဲကွန်းရထားတွဲ ၂၃ တွဲ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၆**

ဂျပန်နိုင်ငံမှ ဝယ်ယူတင်သွင်းခြင်းနှင့် ဂျပန်နိုင်ငံအစိုးရမှ ပေးပို့လှူဒါန်းသော RBE အဲကွန်းရထားတွဲ ၂၃ တွဲမှာ စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိခဲ့ပြီး ယနေ့ညနေတွင် ဆိပ်ကမ်းမှရထားတွဲများ သယ်ယူချခြင်းကို အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ RBE အဲကွန်းရထားတွဲ ၂၃ တွဲအား ရန်ကုန်မြို့ပတ်လမ်းပိုင်း ပြေးဆွဲနေသော အဲကွန်းအအေးခံတတ် အားနည်းချက်ရှိသည့် RBE အဲကွန်းရထားများနေရာတွင် အစားထိုး ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အခြားလိုအပ်သည့်လမ်းပိုင်းများတွင် ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ မန်နေဂျာ(သွားလာရေး/တိုင်း)ဦးကျော်စိုးလင်းက "ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ရောက်ရှိတဲ့ RBE အဲကွန်းရထားတွဲ ခြောက်တွဲကတော့ ရန်ကုန်-နေပြည်တော် အမြန်ရထားပြေးဆွဲတဲ့လမ်းပိုင်းမှာ RBE အဲကွန်းရထားများနဲ့ ပြေးဆွဲပေးဖို့ စီစဉ်နေပါတယ်။ အဲဒါတော့ ရက်ခြားပြေးဆွဲပေးရမလား၊ နေ့စဉ်ပြေးဆွဲပေးရမလားဆိုတာ မြန်မာ့မီးရထားက စဉ်းစားနေပါတယ်။

အခုရောက်ရှိနေတဲ့အဲကွန်းတွဲ ၂၃ တွဲကလည်း ဒီနေ့ညနေမှဆိပ်ကမ်းက ချလို့ပြီးမှာပါ။ ဘိုဂီချိန်၊ အမိုးမြှင့်ခြင်းတွေလုပ်ရဦးမယ်။ **စာမျက်နှာ ၆ ကော်လံ ၃ သို့●**



ဂျပန်နိုင်ငံမှ ရောက်ရှိလာသော RBE အဲကွန်းရထားတွဲများကို စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲက အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်။


**မိုးလေဝသ အစဉ်ကြည့်**
စာမျက်နှာ ➤ ၂

**အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ် တွေ့ကြုံရဖွယ်ရှိမှုအတွက် ဖိလစ်ပိုင်ပြင်ဆင်**
စာမျက်နှာ ➤ ၄

**ဘီယွန်စေးရဲ့ ပြီးပြည့်စုံတဲ့အလှ**
စာမျက်နှာ ➤ ၁၂

**မာရှယ်ဟာ အနာဂတ်မန်ယူရဲ့ အသင်းခေါင်းဆောင်ပါ**
စာမျက်နှာ ➤ ၁၃





ကြေးမုံ စာ တ ည်း ရှု ထော င့် ၇-၉-၂၀၁၅၊ တနင်္လာနေ့

# မိုးလေဝသအစဉ်ကြည့်

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာအလိုက် အနည်းအများဖြစ်ကြသည်။ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် ရာသီဥတုဖောက်ပြန်မှုများ ဆက်တိုက်ဖြစ်ပေါ်လာသည်။ အဆိုပါအကျိုးသက်ရောက်မှုဒဏ်ကို မြန်မာနိုင်ငံအနေဖြင့်လည်း အနည်းအများဆိုသလို ခံစားကြရသည်။

ပြီးခဲ့သည့်ရာသီဥတုအခြေအနေအရ မြန်မာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရသည်။ မုတ်သုံမိုးရွာသွန်းမှုမှာ ရာသီအရရွာသွန်းခြင်းဖြစ်သော်လည်း အကြောင်းပေါင်းတိုက်ဆိုင်မှုများဖြင့် လိုသည်ထက်ပို၍ ရွာသွန်းခဲ့သောကြောင့် ရေဘေးသင့်ဒုက္ခများကို ပြည်သူများကြုံတွေ့ခံစားကြရသည်။

မုတ်သုံမိုးလွန်ကဲစွာရွာသွန်းမှုမှာ အချိန်ကာလအားဖြင့် နှစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခု စက်တင်ဘာလမှစတင်၍ မိုးနှောင်းကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မိုးနှောင်းကာလ အစပိုင်းမှစတင်၍ အနောက်တောင်မုတ်သုံလေသည် တဖြည်းဖြည်းအားလျော့နည်းလာမည်ဟု မိုးလေဝသပုံမှန်အခြေအနေများအရသိရသည်။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှ အလယ်ပိုင်း၊ ထို့နောက်တောင်ပိုင်းဒေသများအထိ ဆင်းသက်ဆုတ်ခွာသွားမည်ဖြစ်သည်။

သို့ရာတွင် မိုးနှောင်းကာလအတွင်း မိုးရေချိန်တိုးမည့်အခြေအနေများကိုလည်း သိထားသင့်သည်။ အကယ်၍ မုတ်သုံလေဆုတ်ခွာမှုနောက်ကျခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းအကြွင်းအကျန်များ မြန်မာနိုင်ငံဘက်သို့ဖြတ်သန်းခြင်း၊ ဟိမဝန္တာမြောက်ဘက်မှ လေစိုင်ဆုံများ အရှေ့တောင်ဘက်သို့ ရွေ့လျားခြင်းများရှိခဲ့ပါက မိုးများနိုင်သေးသည်ကို သတိထားရမည်ဖြစ်သည်။

ကြိုတင်သတိပြုဖွယ်အချက်မှာ ရှေ့လာမည့်အချိန်ကာလများတွင် အီကွေတာ ပစိဖိတ်သမုဒ္ဒရာဒေသတွင် အယ်လ်နီညိုဖြစ်စဉ် ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသမှ ခန့်မှန်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်မှုမှာ မုတ်သုံအထွက်စောခြင်းဖြစ်သည်ဟုဆိုသည်။ မုတ်သုံအထွက်စောသော်လည်း မိုးများမည့် လက္ခဏာများလည်းရှိနေသောကြောင့် ရေကြီးရေလျှံမှုများကို ဆက်လက်သတိထားရမည်ဖြစ်သည်။

မိုးလေဝသဌာနမှ ဆက်လက်ခန့်မှန်းထားသည်မှာ မုတ်သုံလေဆုတ်ခွာချိန်နှင့် ဆုတ်ခွာပြီးအချိန်များတွင် မိုးတိမ်တောင်များဖြစ်လာတတ်ပြီး မိုးကြိုးမုန်တိုင်းများ ကျရောက်လာတတ်ကြောင်း သတိပေးထားသည်။ မိုးကြိုးမုန်တိုင်းဆိုသည်မှာ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်းတို့ဖြစ်ပါသည်။ ထိုအချိန်ကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းမရှိသော်လည်း မိုးအနည်းငယ်ရွာသွန်းရုံမျှဖြင့် အချိန်တိုအတွင်း မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်လာတတ်ပါသည်။

ထို့ကြောင့် လက်ရှိအချိန်ကာလတွင် မြန်မာနိုင်ငံအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းမှုအကျိုးဆက်ကြောင့် ရေကြီးရေလျှံခြင်းများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက် ထူထောင်ပေးနေသောအချိန် ဖြစ်ပါသည်။ ယခုကာလမှကျော်လွန်ပြီး မိုးနှောင်းကာလများတွင်လည်း ယခုကဲ့သို့ဘေးဒုက္ခများမဖြစ်ပေါ်နိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးတို့ကို ကြိုတင်သတိပြုဆင်ခြင်ထားခြင်းဖြင့် အန္တရာယ်ကင်းဝေးအောင် နေထိုင်ကြရမည်ဖြစ်သည်။

ရာသီဥတုနှင့် သက်ဆိုင်သော သဘာဝဘေးဟူသည် မိုးရာသီကာလတွင်သာမက မိုးလွန်ကာလ၊ မိုးကြိုကာလများတွင်လည်း ဖြစ်ပွားတတ်သဖြင့် အစဉ်အမြဲသတိပြုနေထိုင်ခြင်းက အကောင်းဆုံးဖြစ်ပေသည်။ ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခြင်း၊ မီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးများကို လူတို့အနေဖြင့် အခြေအနေအရ မကြုံတွေ့ချင်ဘဲ ကြုံတွေ့နေကြရပါသည်။

ထို့ကြောင့် မမျှော်လင့်ဘဲ ကြုံတွေ့နိုင်သော သဘာဝဘေးအမျိုးမျိုးကို မဖြစ်ခင်က ကြိုတင်ပြင်ဆင်ကြပြီးဖြစ်လာပါက သတိပြုရှောင်ရှားနိုင်ကြမည်ဆိုပါလျှင် ထိခိုက်ဆုံးရှုံးမှုနည်းပါးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်တိုအတွင်း နိုင်နင်းအောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်း ပြဋ္ဌာန်းထားပါသည်။

# ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ရှင်းလင်း

**နမ့်စန် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာတွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ လုံခြုံရေးဆိုင်ရာအခက်အခဲများတွေ့ကြုံနိုင်မှုနှင့် ဖြေရှင်းရန်နည်းလမ်းများ၊ မဲရုံပေါင်း ၁၀၀ တွင် မဲရုံအလိုက် လုံခြုံရေးအနီးကပ်စောင့်ရှောက်နိုင်ရန် အထူးရဲ ၁၀၀ နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်ရဲများဖြင့် လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် တင်ပြဆွေးနွေးခဲ့ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ရွှေက ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းများကြေညာထားမှုအခြေအနေ၊ အမှားပြန်လည်ပြင်ဆင်ထားမှုများ၊ မဲပေးခွင့်ရှိသူများ မဲစာရင်းတွင် မပါဝင်သေးပါက ပြန်လည်လျှောက်ထားရမည့်ကိစ္စများ၊ ပါတီများမှ မဲဆွယ်စည်းရုံးခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ မြို့နယ်ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ စသည့် ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**သူရအောင်(ပြန်/ဆက်)**

# သီပေါ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေး



**သီပေါ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြို၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့်အဖွဲ့ဝင်များ၊ ဘော်ကြိုကျေးရွာအုပ်စု၊ ကျင်သီကျေးရွာအုပ်စု၊ နမ့်အွန်ကျေးရွာအုပ်စုနှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ/ အတွင်းရေးမှူးများ၊ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သည့် ဦးစိုင်းတင်ရွှေ၊ ဦးစိုင်းထွန်းတို့က ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ၊ တရားမဲ့ပြုကျင့်မှုများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန် ကောက်နုတ်ချက်များ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးမင်းလွင်က ဆန္ဒမဲတစ်ပြား၏ တန်ဖိုးကြီးပုံနှင့်မဲစာရင်းတွင် မိမိတို့အမည်စာရင်း ပါဝင်ရေးဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **စိုင်း(သီပေါ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသက်ြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Moshe Yaalon ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ Ben- Gurion လေဆိပ်သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အစ္စရေးနိုင်ငံ SIBAT(International Defense Cooperation Directorate) Director Mr. Mishel Ben Baruch ဦးဆောင်သော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးအေးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(မြဝတီ)**

# နှစ်နိုင်ငံအစိုးရသဘောတူညီချက်အရ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ တရားဝင်နေထိုင် အလုပ်လုပ်ခွင့် Work Permit များအား ကာယကံရှင်အလုပ်သမားများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၆**

နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ G to G အစီအစဉ်(Co-operation In Registration, Legalization and Deportation of Undocumented Myanmar worker in Malaysia)အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ Work Permit နှင့် Approval စာရွက်စာတမ်းများ လွှဲပြောင်းပေးသည့် အခမ်းအနားကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် One Stop Center(OSC)ခန်းမ၌ ကျင်းပရာ မြန်မာသံရုံးမှ ကောင်စစ်ရေးရာ တာဝန်ရှိသူများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အလုပ်သမားသံအရာရှိ၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနစိတ်မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် နှစ်နိုင်ငံ Executive Service Provider ကုမ္ပဏီများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Dato' Abdul Halim Bin Suleiman နှင့် မြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဦးသိန်းသန်းတို့က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကြုံတွေ့ရင်ဆိုင်ဖြေရှင်းရသည့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြပြီး မြန်မာသံရုံးကောင်စစ်ရေးရာတာဝန်ခံ တတိယအတွင်းဝန် ဦးကျော်ကျော်ဝင်းက မြန်မာသံရုံးမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပေးသည့် မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏




တရားဝင် နေထိုင်အလုပ်လုပ်ခွင့်ပြုသည့် Work Permit များ၊ Approval စာရွက်စာတမ်းများအား ကာယကံရှင် အလုပ်သမားများထံသို့ တိုက်ရိုက်ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

မလေးရှားနိုင်ငံတွင် ဆက်လက်အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာနိုင်ငံသားစိစစ်၍ မှန်ကန်သူများကို တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ G to G အစီအစဉ်အရ ထုတ်ပေးသော မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအနက် ၂၆၃၃ ဦးအား Work Permit များထုတ်ပေးပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ၂၂၃၆ ဦးအတွက် Legalization ပြုလုပ်ဆဲ ဖြစ်ကြောင်းနှင့် Biometric Registration ပြုလုပ်ပြီးသူ ၄၈၆၉ ဦး စုစုပေါင်း မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၉၇၃၈ ဦးအား မလေးရှားနိုင်ငံ၌ တရားဝင်နေထိုင် အလုပ်လုပ်ခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင် ဆက်လက်အလုပ်လုပ်ရန် ဆန္ဒမရှိသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအနက် မြန်မာနိုင်ငံသားစိစစ်မှန်ကန်သူ ၁၅၂၅၆ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံသား စိစစ်မှန်ကန်သူရွှေ့ပြောင်း အလုပ်သမား ၁၀၉၁၆ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရ G to G အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် G to G (Co-operation in Registration,Legalization and Deportation of Undocumented Myanmar Worker in Malaysia) အား ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်မှစ၍ မြန်မာသံရုံး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများ၏လုံခြုံရေး၊ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရေးစသည့် မြန်မာနိုင်ငံသား အလုပ်သမားများကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းစဉ်များအား တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်များအား မြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့ သဘောတူညီချက်အရ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံသား စိစစ်ခြင်း၊ မြန်မာနိုင်ငံသား ဟုတ်မှန်ကြောင်း မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းပြန်လာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဘုတ်အဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံကူးလက်မှတ်များအား မလေးရှားနိုင်ငံ မြန်မာသံရုံးမှထုတ်ပေးခြင်း၊ မြန်မာသံရုံးမှ မိမိဆန္ဒအရ နေရပ်ပြန်လိုသူများအား CI ထုတ်ပေးခြင်းတို့ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းစဉ်များအား နှစ်နိုင်ငံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းဥပဒေများ ပြောင်းလဲမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာအစိုးရဘက်မှ Diamond Palace Services Co.,Ltd အား လည်းကောင်း၊ မလေးရှားနိုင်ငံ အစိုးရဘက်မှ Bukti Megah Sdn Bhd အားလည်းကောင်း Executive Service Provider အဖြစ် တရားဝင်ခန့်အပ်တာဝန်ပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရာဇီးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သည့် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မော်ရို လွစ်ဇ် အစ်ကာ ဗီရေးရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး ညှိနှိုင်းစည်းဝေး

**မော်လမြိုင် စက်တင်ဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဟိဏ်းလင်းထက်က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တက်ရောက်လာသူများအား ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးက ပြည်နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးဆောင်ရွက်မည့် အခြေအနေများအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားမှုအခြေအနေနှင့် လုံခြုံရေးအတွက် စီမံထားရှိမှုအခြေအနေများအပေါ် လိုအပ်ချက်များမရှိစေရန် ထပ်လောင်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် တာဝန်ခံအရာရှိနှင့် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မတီဝင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းသန့်(မော်လမြိုင်ကိုယ်ပွား)**





# အငြင်းပွားဖွယ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထိုင်းပြုပြင်ပြောင်းလဲရေးကောင်စီပယ်ချ

**ဘန်ကောက် စက်တင်ဘာ ၆**

ထိုင်းနိုင်ငံ၌ တပ်မတော်က ခန့်အပ်သော ပြုပြင်ပြောင်းလဲရေးကောင်စီက စက်တင်ဘာ ၆ ရက်တွင် ပြုလုပ်သော မဲပေးပွဲတွင် အသစ်မူကြမ်းရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ချလိုက်ရာ ရွေးကောက်ပွဲပြုလုပ်ရန် အစီအစဉ် နှောင့်နှေးကြန့်ကြာသွားမည် ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီ (အင်န်အာရ်စီ)၏ အဖွဲ့ဝင် ၁၃၅ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို ပယ်ချခဲ့ပြီး အဖွဲ့ဝင် ၁၀၅ ဦးကသာ ထောက်ခံခဲ့ကြောင်း၊ ကြားနေသူအဖွဲ့ဝင် ခုနစ်ဦးရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က စစ်ဘက်မှ အာဏာသိမ်းခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို မူကြမ်းရေးဆွဲခဲ့သည်။

မဲရလဒ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထပ်မံရေးဆွဲရန် ကော်မတီသစ်တစ်ရပ်ကို ဖွဲ့စည်းရမည်ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ထောက်ခံမဲ ၁၂၄ မဲ ရရှိရန် လိုအပ်သည့်အပြင် လုပ်ငန်းစဉ်အရ ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ကာ အတည်ပြုရန် လိုအပ်သည်။ မူလက ပြည်သူ့ဆန္ဒခံယူပွဲကို လာမည့် ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။ နိုင်ငံတော်၌ အကျပ်အတည်းတစ်ရပ် ပေါ်ပေါက်ချိန်တွင် အဖွဲ့ဝင် ၂၃ ဦးပါ အဖွဲ့တစ်ဖွဲ့က အစိုးရ၏အခွင့်အာဏာကို လွှဲပြောင်း ရယူခွင့်ရှိသည်ဆိုသော ဥပဒေအပိုဒ်ကို အထူးသဖြင့် ဝေဖန်ခဲ့ကြသည်။

**ရိုက်တာ။**

❒

# ရွှေ့ပြောင်းဒုက္ခသည် ၇၀၀၀ ခန့် ဂျာမနီနိုင်ငံသို့ရောက်ရှိ

**ဘာလင် စက်တင်ဘာ ၆**

အရှေ့အလယ်ပိုင်းဒေသမှ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၇၀၀၀ ခန့်သည် ဟန်ဂေရီနိုင်ငံမှတစ်ဆင့် ဂျာမနီတောင်ပိုင်းသို့ ရောက်ရှိလာကြပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

ရွှေ့ပြောင်းဒုက္ခသည်များသည် ဂျာမနီနိုင်ငံမြူးနစ်မြို့နှင့် အခြားသောဒေသများသို့ ဩစတြီးယားနိုင်ငံမှတစ်ဆင့် စက်တင်ဘာ ၆၊ ၇ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဒုက္ခသည်အများစု ဂျာမနီနိုင်ငံသို့ ပြောင်းရွှေ့လာရခြင်း၏ တူညီသောရည်ရွယ်မှာ စီးပွားရေး တောင့်တင်းခိုင်မာမှုနှင့် နိုင်ငံရေးခိုလှုံခွင့်ရရှိရန် ပိုမိုလွယ်ကူမှုရှိခြင်းတို့ကြောင့် ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံကို ဖြတ်ကျော်ပြီး ဂျာမနီနှင့်ဩစတြီးယားနိုင်ငံများသို့ သွားရောက်မည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ဟန်ဂေရီအစိုးရက ၎င်းတို့နိုင်ငံအား ဖြတ်သန်းမှုကို ပိတ်ပင်ထားသည်။ ဟန်ဂေရီနိုင်ငံမြို့တော် ဘူဒါပက်ဘူတာရုံတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူဦးရေ တစ်နေ့တခြား တိုးပွားလျက်ရှိသည့်အတွက် ဂျာမနီနှင့် ဩစတြီးယားနိုင်ငံများက ၎င်းတို့၏နယ်စပ်ဂိတ်များကို ဖွင့်ထားရန်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြကြောင်း သိရသည်။

ရွှေ့ပြောင်းအခြေချနေထိုင်သူများက ဘူတာရုံများတွင် ကြိုဆိုနေကြသည့် ပြည်သူများကို ပြုံးပြပြီး လက်များဝှေ့ယမ်းပြကာ ပြန်လည်နှုတ်ဆက်ခဲ့ကြသည်။

ဂျာမနီနိုင်ငံတစ်ဝန်းရှိ ကြိုဆိုရေးဌာနများသို့ အဆိုပါ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ပို့ဆောင်မည်ဖြစ်သည်။ ယင်းနောက် ဂျာမနီအစိုးရအရာရှိများက ၎င်းတို့အား နိုင်ငံရေးခိုလှုံခွင့်ပေးရန် ဆုံးဖြတ်မည်ဖြစ်သည်။ ဂျာမနီအစိုးရက ၎င်းတို့ရင်ဆိုင်နေရသည့် ဝန်ထုပ်ဝန်ပိုးကို အခြားသော ဥရောပနိုင်ငံများအနေဖြင့် မျှဝေခံစားရန် တောင်းဆိုခဲ့သည်။

အချို့သော ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် ဥရောပနိုင်ငံများသို့ ဦးတည်သွားနေကြသည်။ ဥရောပနိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများက အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး စက်တင်ဘာ ၁၄ ရက်တွင် အစည်းအဝေးတစ်ရပ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ရွှေ့ပြောင်းလာသူများကို ကြိုဆိုထောက်ခံကြောင်း ပြင်သစ်ပြည်သူများပြသ

**ပါရီ စက်တင်ဘာ ၆**

ပြင်သစ်ပြည်သူ တစ်သောင်းကျော်က ရွှေ့ပြောင်းအခြေချနေထိုင်ရန် ရောက်ရှိလာသူများကို ကြိုဆိုထောက်ခံကြောင်း လမ်းမများပေါ်ထွက်၍ ဆန္ဒပြခဲ့ကြသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် စက်တင်ဘာ ၅ ရက်က လူ ၈၅၀၀ ခန့်သည် ရင်ပြင်တစ်ခုတွင် စုဝေး၍ ရွှေ့ပြောင်းလာသူများနှင့် ဒုက္ခသည်များကို ကြိုဆိုထောက်ခံကြောင်းပြသခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ဒေသခံများက အသစ်ရောက်ရှိလာသူများကို ကြိုဆိုကြောင်း ပြသသည့်စာတန်းများ ကိုင်ဆောင်၍ ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြသခဲ့ကြသည်။

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံတွင် နေထိုင်ရန် ပြင်သစ်နိုင်ငံသို့ ရွှေ့ပြောင်း ရောက်ရှိလာသူများကို ပြင်သစ်အစိုးရအနေဖြင့် အကူအညီပေးသင့်ကြောင်း ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်သူတစ်ဦးက ပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသနှင့် အာဖရိကတိုက်တို့မှ ဥရောပသို့ ရွှေ့ပြောင်းရောက်ရှိလာသူဦးရေမှာ ယခုနှစ်တွင် ၃၆၀၀၀၀ ကျော်ရှိမည်ဖြစ်သည်။ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ရွှေ့ပြောင်းရောက်ရှိလာသည့် ဒုက္ခသည်များကို ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံအားလုံးက ခွဲဝေလက်ခံရန် အဆိုပြုခဲ့သည်။

ပြင်သစ်ပြည်သူများကြားတွင် ရွှေ့ပြောင်းရောက်ရှိလာသူများကို လက်ခံချင်သူရှိသလို လက်မခံချင်သူများလည်းရှိသည်။ လွန်ခဲ့သည့်သီတင်းပတ်က ကောက်ယူခဲ့သည့် လေ့လာမှုစစ်တမ်းအရ ပြင်သစ်ပြည်သူ ၅၆ ရာခိုင်နှုန်းက ရွှေ့ပြောင်းလာသူများကို လက်ခံရန် ငြင်းဆန်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ် တွေ့ကြုံရဖွယ်ရှိမှုအတွက် ဖိလစ်ပိုင်ပြင်ဆင်

**မနီလာ စက်တင်ဘာ ၆**

ယခုနှစ်နှောင်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံနှင့် အာရှ-ပစိဖိတ်ဒေသရှိ အခြားသောနိုင်ငံများ၌ အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသဖြင့် ရာသီဥတုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ သက်သာစေရေးအတွက် ဖိလစ်ပိုင်အစိုးရအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အချို့က အစီအမံများရေးဆွဲလျက်ရှိကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ်ကြောင့် ကာလရှည် မိုးခေါင်မှုဖြစ်ပေါ်နိုင်သဖြင့် ရေနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုလျှော့ချကြရန် ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဖြစ်သည့် အီကိုဝေ့စ်ညွန့်ပေါင်းအဖွဲ့က ပြည်သူများကို တိုက်တွန်းထားသည်။

လာမည့်လများအတွင်း ခေတ်ပြိုင်သမိုင်းတွင် အင်အားအပြင်းထန်ဆုံး အယ်လ်နီညို ထူးခြားဖြစ်စဉ်ပေါ်ပေါက်လာဖွယ်ရှိသည်ဟု အမေရိကန်အမျိုးသားပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ စီမံခန့်ခွဲရေးအဖွဲ့က ဟောကိန်းထုတ်ထားသည်။

အယ်လ်နီညိုဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ စပိန်ဘာသာစကားအရ "သူငယ်တော်"ဟူ၍ ဖြစ်သည်။ ၁၆၀၀ ပြည့်လွန်နှစ်များက တောင်အမေရိကတိုက် ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ထူးထူးခြားခြား ပူနွေးမှုဖြစ်ပေါ်နေသည်ကို ရေလုပ်သားများက ပထမဆုံးအကြိမ် သတိပြုမိခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညို ရာသီဥတု ထူးခြားဖြစ်စဉ်ကို ၂၀၁၅ ခုနှစ်၏ နောက်ဆုံးသုံးလပတ်ကာလမှ ၂၀၁၆ ခုနှစ်၏ ပထမသုံးလပတ် ကာလအထိ အင်အားအသင့်အတင့် သို့မဟုတ် အင်အားပြင်းထန်စွာ တွေ့ကြုံရဖွယ်ရှိကြောင်း ရာသီဥတုအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ။**




# တောင်ကိုရီးယား၌ ငါးဖမ်းစက်လှေနစ်မြုပ် ရေလုပ်သား ၁၀ ဦးထက်မနည်း သေဆုံး

**ဆိုးလ် စက်တင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံ၌ စက်တင်ဘာ ၆ ရက်က ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦးခန့် ပျောက်ဆုံးလျက်ရှိကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ငါးဖမ်းစက်လှေသည် စက်တင်ဘာ ၅ ရက် နှောင်းပိုင်းမှ စ၍ရေဒီယိုဖြင့် ဆက်သွယ်မှုပြတ်တောက်သွားခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် နစ်မြုပ်ခဲ့ကြောင်း နိုင်ငံတောင်ပိုင်း ဂျေဂျူးကျွန်းရှိ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချူဂျာကျွန်းအနီး ပင်လယ်ရေပြင်တွင် ရုပ်အလောင်း ၁၀ လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းကျွန်းသည် ဂျေဂျူးကျွန်းနှင့် ကုန်းမကြီးအကြားတွင် တည်ရှိသည်။

ရေလုပ်သားသုံးဦးကို ပင်လယ်ရေပြင်မှ ဆယ်တင်ပေးနိုင်ခဲ့ပြီး ဆေးဝါးကုသမှုပြုလုပ်ပေးနိုင်ရန် ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းတို့ အသက်ရှင်မည်ဟု မျှော်လင့်ရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံးနေသူ ရေလုပ်သားများအား ကယ်တင်ပေးနိုင်ရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ရန် သမ္မတ ပတ်ဂွန်ဟေးက ညွှန်ကြားခဲ့သည်။

**ရိုက်တာ။**

## မိုးနှောင်းကာလအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသနှင့် ရေကြီးနိုင်မှုအခြေအနေ ကြိုတင်ခန့်မှန်းချက်များနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၆**

ကမ္ဘာနှင့်အဝှမ်းတွင် ရာသီဥတုအစွန်းရောက် ပြောင်းလဲမှုများ ဖြစ်ပေါ်မှုကြောင့် မြန်မာနိုင်ငံတွင်လည်း ဒေသအနှံ့အပြား၌ မိုးရေချိန်စံချိန်သစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်းများ ကြုံတွေ့ခဲ့ရသည်။ ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလှောင်တမံများတွင် အချိန်တိုအတွင်း ရေသိုလှောင်နိုင်မှု ပမာဏထက် ကျော်လွန်ပြီး ရေပိုလွှဲများမှ သာမန်ထက်ပို၍ ရေကျော်ကျမှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ အီကွေတာပစိဖိတ်သမုဒ္ဒရာဒေသတွင် "အယ်နီညို"ဖြစ်စဉ်အား ကောင်းစွာဖြစ်ပေါ်နေကြောင်း ကမ္ဘာ့ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။ "အယ်နီညို"ဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် ရေအောက်အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးသည့် အခြေအနေကို ဖော်ညွှန်းကြောင်း၊ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် အယ်နီညိုဖြစ်စဉ် ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

အယ်နီညိုဖြစ်စဉ်သည် မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေများအပေါ် သက်ရောက်မှုရှိသည့်အတွက် ယခုလအတွင်း မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုအခြေအနေကို ခန့်မှန်းရာ ယခင်အယ်နီညိုဖြစ်ခဲ့သော ၁၉၉၁ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့၏ အလားတူကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မိုးရွာသွန်းမှုအခြေအနေများနှင့် နှိုင်းယှဉ်တွက်ချက်ရာ မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် စက်တင်ဘာလ၏ ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမို၍လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့်လည်းကောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းထားသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ဒေသတစ်ခုတွင် လတစ်လ၏ မိုးရွာသွန်းမှုမှာ တစ်လလုံးအနေဖြင့်ကြည့်ပါက နည်းနိုင်သော်လည်း အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းတတ်သည့်ရက်များ ရှိနိုင်သည့်အတွက် မြစ်ချောင်းများ ရုတ်တရက် မြစ်ရေမြင့်တက်နိုင်ပြီး မြစ်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်း မြစ်ကြီးများနှင့် မြစ်ငယ်၊ ချောင်းငယ်များတွင် မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ဒုတိယအကြိမ် ရေကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။

ထိုကဲ့သို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကြိုတင်ခန့်မှန်းချက်များအရ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ပုံမှန်မဟုတ်သည့် ရေကြီးမှုဖြစ်စဉ်များ၏ အတွေ့အကြုံများအပေါ် အခြေခံကာ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာများတွင် အောက်ပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အချိန်ကိုက် အလေးထားစီမံဆောင်ရွက်လျက်ရှိသည်။

(၁) ရေလှောင်တမံများတွင် လက်ရှိသိုလှောင်ထားသော ရေလှောင်တမံပမာဏနှင့် နေ့စဉ်စီးဝင်ရေ ပမာဏ၊ ကန်ရေပြည့် သိုလှောင်နိုင်သော ပမာဏတို့အား ချိန်ဆတွက်ချက်ပြီး ရေလှောင်တမံဝန်းကျင်တွင် နေထိုင်သော ပြည်သူများ မထိခိုက်စေဘဲ ရေကြိုတင်လျှော့ချထားနိုင်ရေး စီမံဆောင်ရွက်ခြင်း။

(၂) ရေလှောင်တမံများတွင် သဲ၊ ကျောက်စရစ်၊ ကျောက်ကြီးစသည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အလုံအလောက် အရန်သင့် ကြိုတင်စုဆောင်းထားခြင်း။

(၃) အရေးပေါ်လိုအပ်လျှင် ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရား/ယာဉ်နှင့် လုပ်သားအင်အားများ အရန်သင့်စုဖွဲ့ထားခြင်း။

(၄) ရေလှောင်တမံ၏ကြံ့ခိုင်မှုအတွက် (၂၄)နာရီအချိန်ပြည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သော နေရာများတွင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း။

(၅) ရေဘေးကာကွယ်ရေးတာများတွင်လည်း (၂၄)နာရီ ရေကင်းချထား၍ စောင့်ကြည့်ခြင်းနှင့် အရေးပေါ် ရေဘေးကာကွယ်ရေးပစ္စည်းများအလုံအလောက် ကြိုတင်စုဆောင်းထားခြင်း။

(၆) ဇူလိုင်နှင့် ဩဂုတ်လအတွင်း မြစ်ရေအမြင့်ဆုံးမြင့်တက်မှု ဖြစ်ပေါ်ခဲ့သည့်ကာလတွင် ယာယီကာကွယ်မှု ပြုလုပ်ခဲ့ရသည့် ရေပေါက်များကို စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် ပြန်လည်ပြုပြင် မြေဖို့ကြိတ်ခြင်း၊ တာ၏ရှေ့ဘက်နှင့် နောက်ဘက်ရှိ ယာယီဆောင်ရွက်ခဲ့ရသော ကတုတ်တန်းများ၊ လှိုင်းကာတန်းများအား တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း၊ တာထိပ်နိမ့်သော အပိုင်းများတွင် သဲအိတ်များဆင့်၍ မြှင့်တင်ခြင်း။

(၇) မြစ်ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ရေလွှဲတန်းများ၊ ရေပေါ်ရေကာတန်းများ ဆောင်ရွက်ခြင်း။

(၈) ဌာန၏ ရေဘေးကြိုတင်ကာကွယ်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီမံဆောင်ရွက်ခြင်း။

(၉) မိုးလေဝသအခြေအနေနှင့် သတင်းအချက်အလက်များ ထပ်ဆင့်ဖြန့်ဝေခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပေးခြင်း။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ် မိုးနှောင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးမှုမှ လုံခြုံစိတ်ချစွာ ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို စီမံချက်များနှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များက အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး ထိခိုက်နစ်နာမှုလျော့ပါးသက်သာရေးအတွက် ပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုနှင့် လုပ်ငန်းစဉ်များအား နှိုးဆော်အသိပေးသွားမည်ဖြစ်ကြောင်း ကြိုတင်ထုတ်ပြန်ထားရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ အလှူငွေများလှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံ၊ အဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များ အစားအစာ ဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် အထောက်အပံ့ပေးရေးလုပ်ငန်းများဆောင်ရွက်ရန် ယူရို ၄၀၀၀၀၀ ထောက်ပံ့ပေးရန် ပြင်သစ်နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## MNL-2(ပထမတန်း)ချန်ပီယံဆု Southern ဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၁၅ ရာသီ MNL-2 (ပထမတန်း)အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ Southern အသင်း ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ Horizon အသင်းမှာ ဒုတိယနေရာ ရရှိပြီး MNL သို့ တန်းတက်ခွင့်ရရှိခဲ့သည်။

နောက်ဆုံးနေ့ ပွဲစဉ်များတွင် Southern အသင်းနှင့် GFA အသင်းတို့ တစ်ဂိုးစီသရေကျခဲ့ပြီး Horizon အသင်းက တက္ကသိုလ်လက်ရွေးစင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ Southern အသင်းမှာ ပွဲစဉ်မကုန်မီကတည်းက ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်ပြီး ယခုပွဲ သရေရလဒ်ကြောင့် ရှုံးပွဲမရှိစံချိန်ကိုပါ ရယူနိုင်ခဲ့သည်။ Horizon အသင်းမှာ နောက်ဆုံးပွဲတွင် နိုင်ပွဲရရှိခဲ့သောကြောင့် MNL သို့ ပထမဆုံးအကြိမ် တန်းတက်ခွင့် ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် Southern အသင်းက ၄၆ မှတ်ဖြင့် ပထမ၊ Horizon အသင်းက ၃၈ မှတ်ဖြင့် ဒုတိယ၊ GFA အသင်းက ၃၆ မှတ်ဖြင့် တတိယတို့ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရရှိသော GFA အသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၊ ဒုတိယဆုရရှိသော Horizon အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ပထမဆုရရှိသော Southern အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

**ချစ်ကိုကို**



**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ Southern အသင်းအား ဆုဖလားချီးမြှင့်နေစဉ်။**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

### နေရာကွက်၍ မိုးကြီးနိုင်

ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ဘောလုံးပွဲများ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရေဘေးအထူးရန်ပုံငွေပွဲအဖြစ် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီတွင် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်များအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းအသင်းတို့၏ အထူးခြေစမ်းပွဲ၊ ညနေ ၆ နာရီတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲများကို ညနေ ၄ နာရီမှစတင်၍ MRTV Entertainment Channel တွင်လည်းကောင်း၊ ညနေ ၆ နာရီမှစတင်၍ MRTV News Channel တွင်လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး စက်တင်ဘာ ၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၄ ရက် နံနက်၉နာရီကကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေး အပြည့်အဝရရှိစေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အသေးစိတ်အား ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဦး၊ ရေး၊ ထောက်ဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးရှင်းလင်းခြင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လိုအပ်ချက်များအပေါ် ဖြည့်စွက်ညွှန်ကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## ပခုက္ကူနှင့် ညောင်ဦးမြို့နယ်တို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အောက် ၂ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားကြောင်းသိရသည်။

**(ကြေးမုံ)**

ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

# မဲပေးပိုင်ခွင့်ရှိသူတိုင်းအတွက် ပယ်မဲမဖြစ်စေရေး

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၃) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင် အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁ တို့တွင် ဖော်ပြခဲ့သော "ပယ်မဲ မဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-




နမူနာ-၉




နမူနာ-၁၀




နမူနာ-၁၁




နမူနာ-၁၂

ခိုင်လုံမဲများအကြောင်းကို ယခင်ရက်များက ဖော်ပြခဲ့ပြီးဖြစ်သဖြင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ခိုင်လုံမဲများအကြောင်းကို သိရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ခိုင်လုံမဲများအကြောင်းကို သိရှိထားသည့်နည်းတူ ပယ်မဲများအကြောင်းကိုလည်း သိရှိထားပါက မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်းကို မှန်မှန်ကန်ကန်တိတိကျကျ ရွေးချယ်နိုင်မည်ဖြစ်၍ ပယ်မဲများအကြောင်းကို ထပ်မံဖော်ပြလိုက်ပါသည်။

နမူနာ(၉)နှင့် (၁၀)တို့တွင် ပြသထားသကဲ့သို့ တံဆိပ်ကို ကိုယ်စားလှယ်လောင်းနှစ်ဦး၏ကြားတွင် တစ်ဝက်စီနှိပ်မိပါက မည်သူ့အား ဆန္ဒပြုထားသည်ကို ဆုံးဖြတ်ရန်ခက်သဖြင့် ယင်းမဲမျိုးကို မဲရုံမှူးက ပယ်မဲအဖြစ်သတ်မှတ်မည်ဖြစ်ပါသည်။ တံဆိပ်၏ဧရိယာသည် မည်သည့်ကိုယ်စားလှယ်၏အကွက်တွင် ပို၍ရောက်ရှိနေကြောင်း သိသာထင်ရှားစေရန်အတွက် တံဆိပ်တုံး၌ အကွက်ငယ်ကိုးခုကို သေချာစွာထည့်သွင်းထားခြင်း ဖြစ်ပါသည်။ နမူနာ(၁၁)တွင် ကိုယ်စားလှယ်လောင်းသုံးဦး၏ အကွက်များ၏ပြင်ပတွင် လုံးဝရောက်ရှိနေခြင်းကြောင့် ပယ်မဲဖြစ်သွားခြင်းဖြစ်ပါသည်။ နမူနာ(၁၂)တွင် တံဆိပ်ကိုနှစ်ကြိမ်နှိပ်ထားသောကြောင့် ပယ်မဲဖြစ်သွားခြင်းဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာနိုင်ငံသား ၁၀၅ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ အန်ဘုံကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၀၅ ဦးသည် စက်တင်ဘာ ၆ ရက် နံနက် ၂ နာရီ ၃၅ မိနစ်တွင် Lion လေကြောင်းလိုင်း လေယာဉ်ခရီးစဉ်အမှတ် JT- 2885 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၅ ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါမြန်မာနိုင်ငံသား ၁၀၅ ဦးတို့အား IOM မှ စီစဉ်ပေးသောမော်တော်ယာဉ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာဓုစာသင်တိုက်၊ သီရိမင်္ဂလာကျောင်းသို့ တာဝန်ရှိသူများက ပို့ဆောင်နေရာချထားပေးခဲ့ပြီး လူကုန်ကူးခံရသူများ ဟုတ်/မဟုတ် ရန်ကုန်အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုက တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၅ ဦးတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ၂၆ ဦးစီ၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သုံးဦးစီ၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦးနှင့် ကချင်ပြည်နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရပြီး တွေ့ဆုံမေးမြန်းမှုများပြီးစီးပါက သက်ဆိုင်ရာနေရပ်များသို့ IOM အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



●ရှေ့ဖုံးမှ

လိုအပ်ရင်အမိုးဖြစ်ဖို့အတွက် မြစ်ငယ်စက်ရုံကိုပို့ရဦးမှာပါ"ဟု ပြောသည်။

လက်ရှိ ရန်ကုန်-နေပြည်တော် အမြန်ရထားပြေးဆွဲမှုလမ်းပိုင်းတွင် အမှတ် (၇) အဆန်၊(၈) အစုန်နှင့် အမှတ်(၃၁)အဆန်၊(၃၂)အစုန်တွဲဆိုင်းနှစ်ဆိုင်းအား နံနက်၊ ညခရီးစဉ်များ ပြေးဆွဲပေးနေပြီး ဩဂုတ် ၂၀ ရက် နံနက်ပိုင်းကရောက်ရှိခဲ့သည့် RBE အဲကွန်းရထားခြောက်တွဲအားတွဲဆိုင်းပြုလုပ်ကာ ရန်ကုန်-နေပြည်တော် အမြန်ရထားပြေးဆွဲမှု လမ်းပိုင်း၌ အစားထိုးပြေးဆွဲရန်နှင့် တွဲဆိုင်းသစ် တစ်ဆိုင်းဖြင့် ထပ်မံအသစ်ပြေးဆွဲရန် နည်းလမ်းရှာလျက်ရှိပြီး ထိုအထဲမှ နည်းလမ်းတစ်ခုကို မြန်မာ့မီးရထားမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပျဉ်းမနား-တောင်တွင်းကြီး-ပုဂံလမ်းပိုင်းနှင့်ပျဉ်းမနား-ဆတ်သွား-ပြည်လမ်းပိုင်းတွင်လည်း လက်ရှိ RBE ရထားများ ပြေးဆွဲနေပြီး ရေရှည်စီမံကိန်းအရ လိုအပ်လျှင် အစားထိုးလဲလှယ်ရန် စီစဉ်ထားကြောင်း၊ JICA နှင့် ပူးပေါင်း၍ ရေရှည် Urban Transport စီမံကိန်းအရ ရန်ကုန်မြို့ပတ်လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းနှင့်လမ်းပိုင်းများတိုးချဲ့ခြင်း စီမံကိန်းများရှိနေရာ လက်ရှိ JICA မှ ကြီးကြပ်ဆောင်ရွက်၍ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများဖြင့် ရန်ကုန်-တောင်ငူ၊တောင်ငူ-ရမည်းသင်း၊ရမည်းသင်း-မန္တလေး လမ်းပိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီးလက်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းဖြစ်သော ရွာသာကြီးနှင့် လေးထောင့်ကန်ဘူတာကြားရှိ ကျန်စစ်သားဂိတ်၌ ခေတ်မီ ဂိတ်စနစ်တပ်ဆင်ဆောင်ရွက်လျက်ရှိကာ ပြေးဆွဲမှုအမြန်နှုန်း စမ်းသပ်ရန်အတွက်အောက်တိုဘာ ၁၄ ရက်နှင့် ၁၆ ရက်ကြားတွင် RBE ရထားဖြင့် တစ်နာရီ ကီလို၁၀၀ နှုန်း အမြန်ပြေးဆွဲရန်စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

"မြို့ပတ်လမ်းပိုင်းမှာအဲကွန်းနဲ့ အသုံးပြုရလို့ရထားစီးခရီးသည်တွေ သက်သောင့်သက်သာရှိတယ်ဆိုပေမယ့် ဒီတစ်ခုတည်းကိုကျွန်တော်တို့က စဉ်းစားပေးလို့မရပါဘူး။ ရထားတွဲဆိုင်းအားလုံးကို အဲကွန်းရထားချိန်းဖို့ဆိုတာကလည်း သဟဇာတမဖြစ်သေးပါဘူး။ ရောင်းဝယ်ဖောက်ကားဈေးရောင်းချနေကြရတဲ့ ပစ္စည်းတွေနဲ့ တစ်ပိုင်တစ်နိုင်သွားလာနေကြတဲ့ အင်းစိန်-လှော်ကားခရီးသည်တွေကျပြန်တော့လည်း လက်မှတ်ခ ကျပ် ၅၀၊ ၁၀၀ တန် တွဲဆိုင်းကြီးတွေနဲ့မှ အဆင်ပြေမှာ။ အဲဒီတော့ ကျွန်တော်တို့က ရောင်းဝယ်ဖောက်ကား ဈေးရောင်းချနေကြရတဲ့အခြေခံလူတန်းစားတွေအဆင်ပြေစေဖို့ကို ဒီလိုဝန်ဆောင်မှုကို ဖျက်သိမ်းလို့မရသေးဘူး။ တွဲဆိုင်းကြီးတွေကျပြန်တော့လည်း ဒီဈေးရောင်းဝယ်ဖောက်ကားကြတဲ့ခရီးသည်တွေနဲ့မှ အဆင်ပြေမှာမို့ပါ" ဟု မန်နေဂျာ (သွားလာရေး/ တိုင်း)မှ ဦးကျော်စိုးလင်းက ရှင်းပြသည်။

ထို့ကြောင့် မြန်မာ့မီးရထားမှလက်ရှိပြေးဆွဲနေသောတွဲဆိုင်းကြီးရှစ်ဆိုင်းနေရာတွင် အခြေခံလူတန်းစားများဖြစ်သောဈေးသည်များအဆင်ပြေကြစေရေးအတွက်RBEအဲကွန်းရထားများအစားထိုးပြေးဆွဲခြင်းကိုစဉ်းစားချင့်ချိန်နေရကြောင်း၊ အခြေခံလူတန်းစားများ အဆင်ပြေကြစေရေးအတွက် သတ်မှတ်လက်မှတ်ခနှုန်းထားငွေကျပ် ၅၀ နှင့်၁၀၀ တန်ရထားတွဲဆိုင်းကြီးများကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း၊လက်ရှိရန်ကုန်မြို့ပတ်လမ်းပိုင်းများတွင် လက်မှတ်ခငွေကျပ် ၃၀၀ တန် အဲကွန်းရထားများ အစားထိုးပြေးဆွဲပေးခြင်းဖြင့် ခရီးသည်များ သက်သောင့်သက်သာ စီးနင်းကြရပြီး မြန်မာ့မီးရထားမှ ယခင်အရှုံးခံပြေးဆွဲပေးနေရသောပြေးဆွဲမှုတွင် ဆီဖိုးကာမိပြီဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိ မြန်မာ့မီးရထားမှ ရထားတွဲဆိုင်းများအား AIR CONDITION-RBE တွဲဆိုင်းအသစ်များဖြင့် အစားထိုးပြေးဆွဲပေးလျက်ရှိရာ RBE တွဲဆိုင်းအသစ် (၈)အထူးရထားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက သတ္တမအကြိမ်မြောက်အဲကွန်းရထားအနေဖြင့် ပြေးဆွဲပေးခဲ့ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**(ဝ၄၀)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။**

ပြန်လည်ထူထောင်ရေး

# နိုင်ငံတော်မှ ထောက်ပံ့သောစပါးမျိုးများကို ထွန်ရေးမဲ့ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ကလေးမြို့နယ်တွင် စိုက်ပျိုးလျက်ရှိ

**ကလေး စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ဧရိယာ ၂၉၃၅၈ ဧကရှိရာ စက်တင်ဘာ ၃ ရက်အထိ ၁၂၈၈၆ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်သည်။ ထိုသို့စိုက်ပျိုးရာ၌ တောင်သူများအနေဖြင့် ပျိုးကျန်များဖြင့်လည်းကောင်း၊ နိုင်ငံတော်မှထောက်ပံ့သော စပါးမျိုးများကို ထွန်ရေးမဲ့ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"တောင်သူအချို့က မျိုးထုတ်ယူထားပြီး ကိုယ့်ရဲ့စိုက်ခင်းမြေအစိုရှိမှု၊ လုပ်ဝင်ရောက်နိုင်မှုအပေါ် မူတည်ပြီး ဆက်လက်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ စနစ်တကျဖြစ်စေဖို့အတွက် အတန်းလိုက်တိုက်ရိုက်မျိုးစေ့ချကိရိယာ ၁၅ လက်ကို ကလေးမြို့နယ်ကို ပေးပို့ထားသလို နတ်ချောင်း၊ နတ်မြောင်း၊ အင်ဒိုင်းကြီး၊ မင်္ဂလာဥယျာဉ်စတဲ့အုပ်စုတွေမှာ မျိုးစေ့ချကိရိယာနဲ့ စိုက်ဖို့ နမူနာစမ်းသပ်ကြည့်တဲ့အခါ စိုက်ပျိုးမြေရဲ့နွံ၊ နုန်းထုတက်တဲ့ အမြင့်က တစ်ပေခွဲကနေ လေးပေအထိရှိတာကြောင့် မြေကျွံတဲ့အတွက် ကိရိယာနဲ့ စိုက်လို့မရနိုင်တာတွေ့ရပါတယ်"ဟု ၎င်းကဆက်ပြောသည်။

ထို့ပြင် ကလေးမြို့နယ်ရှိ ကျေးရွာများသို့ ဩဂုတ် ၁၁ ရက်မှစတင်၍ မျိုးများဖြန့်ပေးလျက်ရှိရာ စက်တင်ဘာ ၃ ရက်အထိ ရွှေသွယ်ရင်စပါးမျိုးနှင့် ရက် ၉၀ စပါးမျိုး တင်း ၃၉၇၀ နှင့် GW1 စပါးမျိုး ၈၄၅၅ ဧကအတွက် ၅၉၂၈၅ ကီလို ဖြန့်ဖြူးထားကြောင်း သိရသည်။

ကလေးခရိုင်နှင့် တမူးခရိုင်တို့တွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးနှင့် အခြားမိုးသီးနှံများ ပျက်စီးခဲ့မှုအပေါ် စပါးနှင့်အခြားဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် ကြီးကြပ်ရေးကော်မတီနှင့်အတူ ကလေးနှင့် တမူးခရိုင်အဆင့် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားသည်။ ထို့ပြင် ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေနစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများ ပုံမှန်လယ်ယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာမြေနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေး မြို့နယ်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက်၊ တောင်သူတစ်ဦးချင်းအလိုက် မိုးစပါးနှင့် မိုးသီးနှံများပျက်စီးမှုစာရင်းများ ကောက်ယူရေးအဖွဲ့ ဖွဲ့စည်းကောက်ယူရမည်ဖြစ်သလို အစားထိုးစိုက်ပျိုးရမည့် တောင်သူတစ်ဦးချင်းအလိုက် စာရင်းကောက်ယူခြင်း၊ မျိုးလိုအပ်ချက်စာရင်းများ ပြုစုကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ထောက်ပံ့ပေးသောမျိုးများကို စနစ်တကျသိုလှောင်၍ တောင်သူတစ်ဦးချင်းနှင့် အဖွဲ့လိုက်သို့ စနစ်တကျဖြန့်ဖြူးပေးရန် ဆောင်ရွက်မည့်အပြင် ဒေသတွင်းရရှိနိုင်မည့်မျိုးများ ရှာဖွေစုဆောင်းခြင်း၊ တောင်သူချင်းဖလှယ်ဖြန့်ဖြူးပေးနိုင်ရေးများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြန့်ဖြူးထားသောမျိုးများအလိုက် တောင်သူတို့စိုက်ပျိုးမြေများတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပျက်စီးသွားသော ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ရေလွှဲဆည်၊ တာတမံ စသည်တို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာကာ အထက်သို့အဆင့်ဆင့် အချိန်မီတင်ပြဆောင်ရွက်မည်ဖြစ်သလို စိုက်ပျိုးထားသောသီးနှံများ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လိုအပ်သောကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရေး တောင်သူနှင့် ဌာနများသို့ ဆက်စပ်တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့်သစ်တုံးဖုံးခြင်း၊ ညွန်များဖုံးခြင်း၊ ကန်သင်းများပျောက်၍ သဲထိုးခြင်း စသည့်ပျက်စီးသွားသောလယ်ယာမြေများအတွက် ပြုပြင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သက်ဆိုင်ရာတောင်သူများ၊ ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ နည်းလမ်းရှာဖွေခြင်း၊ လိုအပ်မည့်စက်ပစ္စည်းကိရိယာများ ရရှိရေးကို သက်ဆိုင်ရာနှင့်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပျောက်ဆုံးမှုများရှိပါက ပြန်လည်ထုတ်ပေးနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့်လည်းကောင်း ဆက်စပ်ဆောင်ရွက်ပေးရန်စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■



## ညောင်တုန်း ရေဘေးသင့်ကျေးရွာများသို့ စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ကြေးတိုင်စု (၂)လမ်းရှိ မာဃဓိသာစည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ်ဆရာတော် အရှင်နေမိန္ဒ ဦးဆောင်လျက် တပည့်ဒါယကာ၊ ဒါယိကာမများနှင့်အတူ စက်တင်ဘာ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အတွင်းရှိ ရွှေဒင်္ဂါးကျွန်း၊ ရန်ကင်းစံရာရွာ၊ ဇလွန်၊ ဒေါင့်ကြီး၊ တောင်ပို့တစ်ရာ၊ ဘိုကလေးကျွန်း စသည့် ရေဘေးသင့်ကျေးရွာများသို့ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြသည်။

**(ကြေးမုံ)**

■

## စဉ့်ကူးမြို့နယ် ကြက်တူရွေးကျေးရွာတွင် ရေတိုက်စားကမ်းပြိုမှုကြောင့် လူနေအိမ်လေးလုံး ဘေးလွတ်ရာသို့ပြောင်းရွှေ့

**စဉ့်ကူး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဟသ်ာမကျေးရွာအုပ်စု ကြက်တူရွေး ကျေးရွာတွင် စက်တင်ဘာ ၅ ရက်က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ရွာအတွင်း ၂၅ ပေခန့် ဝက်တိုးစားကမ်းပြိုခဲ့ပြီး လူနေအိမ်လေးလုံး၊ အိမ်ထောင်စုလေးစုမှ လူဦးရေ ၁၇ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုကြက်တူရွေးကျေးရွာသို့ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတောက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ ကွင်းဆင်းသွားရောက်၍ ပြောင်းရွှေ့အိမ်ထောင်စုဝင်များကို တွေ့ဆုံအားပေးစကား ပြောကြားကာ ငွေနှင့် အခြားလိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ရေတိုက်စားမှုကြောင့် ပြိုကျခဲ့သော ကြက်တူရွေးကျေးရွာ မြစ်ကမ်းရိုးတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** ကျေးရွာတာဝန်ရှိသူတို့အား မြစ်ရေတိုးလာနေချိန်ဖြစ်၍ မြစ်ကမ်းရိုးတစ်လျှောက် အချိန်ပြည့်စောင့်ကြည့်စေရေးနှင့် ရေကင်းများစနစ်တကျချထားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(ဝင်းမောင်)**

■



## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၆ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၅၄၉ | ၁၂၇၉၁ | ၇၀၃၀ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၈၁၃၀ | ၁၈၆၄၂၅ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၈၅၅၅၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၁၄၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၀၉၂၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၃၇၃ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၆၁၅၄၇ | ၂၀၉၉၇၁ | ၁၇၈၃၅ |
| | စုစုပေါင်း | ၁၄၇၆၁၄၁ | ၁၃၈၇၃၉၃ | ၈၄၂၆၈၄ | ၄၁၄၆၃၉ |

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး အဖွဲ့အစည်းဖြစ်သည့် ဂျပန်ပလက်ဖောင်းမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရန် ပန်နာဆိုးနစ်မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုရှိ အရောင်းပြခန်းခန်းမ ၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)




# ချင်းတွင်းမြစ်ရေသည် မြစ်ရိုးတစ်လျှောက်မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၆**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးမှ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့တွင် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတိုင်းထွာချက်အရ အဆိုပါမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားပါသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်ပြင်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ခန္တီးမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)



# ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍ အလှူရှင်များ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စားမြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။


အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ ၄၀×ပေ ၃၀(သံကူကွန်ကရစ်)ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ် သန်း ၅၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်း ဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက် စုပေါင်းဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်းတတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(နေပြည်တော်)ညွှန်ကြားရေးမှူး(ဦးစီး) ဦးထိန်လင်း ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀ သို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။


**(ကြေးမုံ)**

သာသနာရေးဝန်ကြီးဌာန
ဘုန်းတော်ကြီးကျောင်း ပေ (၄၀ × ၃၀)၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)



တန်ဖိုးငွေကျပ် သိန်း (၅၀၀)

# ဝေါနမြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ




**နေပြည်တော်  စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ဝေါနမြစ်ရေ မြင့်တက်လျက်ရှိရာ စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားပါသည်။

**(သတင်းစဉ်)**

ooo

# မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော်  စက်တင်ဘာ ၆**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ကိုးပေခွဲခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခွဲခန့်၊ မင်းကင်းမြို့တွင် ငါးပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ၁ ပေခွဲခန့်စီနှင့် မုံရွာမြို့တွင် နှစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်တို့နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(ကြေးမုံ)**

ဥတုရာသီ တောကိုမှီ၏

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်  စက်တင်ဘာ  ၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

owrwa&avmiyrmPjynrojzi a&yvr a&ausmusvsu&on a&avmiwrlu;rsm;

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၄၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၀၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၅' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၅' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၂၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၉၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၄၆' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀၀ | ၁. ၅၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၁၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၆၀' |
| ၂၆။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၇။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၇၀' |
| ၂၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၅' |
| ၂၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၅' |
| ၃၀။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၀' |
| ၃၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်

**ပုသိမ် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ အရေးပေါ်ကယ်ဆယ်စောင့်ရှောက်နိုင်ရေးအတွက် မီးဘေး၊ ရေဘေးအသက်ကယ်နည်းများ၊ ကမ်းပြို၊ မြေပြိ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အသက်ကယ်နည်းများ ကျွမ်းကျင်တတ်မြောက်မှုရှိစေရန် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလဦးမျိုးဝင်းနှင့် ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကျော်ကျော်တို့ဦးဆောင်သော တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့သည် စက်တင်ဘာ ၆ ရက် နံနက် ၉နာရီက ပုသိမ်ဆိပ်ကမ်း ကမ်းပြိုနေရာနှင့် ဝဝန်းကြီးတံတားအနီး ဒီရေ/ဝဲပုံ၊ ကမ်းပြို ဆိပ်ကမ်းနေရာများတွင် သရုပ်ပြလေ့ကျင့်သင်တန်းများ ပို့ချခဲ့ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**



# ရေဘေးသင့် ကျောင်းသား ကျောင်းသူများအား လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၆**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်လုံးဆိုင်ရာ သံဃနာယကဆရာတော်များ၊ သီရိရတနာဓမ္မာရုံကြီးရှိ မာဃလုလင်ပရဟိတလူငယ်များအဖွဲ့၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းတို့ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း (၆) ကြိမ်တိုင်တိုင် သွားရောက်လှူဒါန်းခဲ့သော ရေဘေးသင့်ဒေသများမှာ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၊ကြို့ပင်ကောက်မြို့နယ်နှင့် သာယာဝတီမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ သွားရောက်၍ ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် ထီး၊ ဆန်၊ အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးမျိုးစုံ၊ ရေသန့်ဘူး စသည့် ငွေကျပ် ၅၃၅ သိန်းကျော် တန်ဖိုးရှိ ပစ္စည်းများကို ရေဘေးသင့်ကျေးရွာများရှိ ပြည်သူများနှင့် ရေဘေးသင့် စာသင်ကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မျိုးသန့်)**

# ဖောင်းပြင်မြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**မုံရွာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေထပ်မံမြင့်တက်လာပြီး ယနေ့ မွန်းလွဲ ၁ နာရီတွင် ဖောင်းပြင်မြို့၏ စိုးရိမ်ရေအမှတ် ၁၃၂၅ စင်တီမီတာကို ကျော်လွန်ပြီး ၁၅၂၉ စင်တီမီတာသို့ ရောက်ရှိနေရာ စိုးရိမ်ရေမှတ်အထက် ၂၀၄ စင်တီမီတာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဖောင်းပြင်မြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ ကျေးရွာ ၇၄ ရွာမှ လူဦးရေ ၆၈၁၃ ဦး ရေဘေးသင့်ခဲ့ရာ ကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်လှစ်ပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖောင်းပြင် ပြန်/ဆက်)**

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော ကျေးလက်လမ်း၊ တံတားများပြုပြင်နိုင်ရေး ငွေကျပ်သိန်း ၈၀၀ ကျော် ထောက်ပံ့ပေးအပ်

**ကောလင်း စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ကျေးရွာများရှိ လမ်း၊တံတားများနှင့် နေအိမ်များ ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လှူဒါန်းမှု ငွေကျပ် ၂၉၀၇၇၃၅၀၄ အနက်မှ ငွေကျပ် ၈၄၅၅၀၀၀၀ ကို ဩဂုတ် ၃၁ ရက်က မြို့နယ်ရေဘေးထူထောင်ရေးကော်မတီက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ထောက်ပံ့ပေးအပ်မှုမှာ ပျက်စီးခဲ့သော လမ်း၊ တံတားများအနက် ကိုယ့်အားကိုယ်ကိုး တည်ဆောက်မည့် တံတား ၃၄ စင်းအတွက် သစ်တန်ဖိုး ငွေကျပ် ၂၀၆၅၀၀၀၀၊ ပျက်စီးခဲ့သော လမ်းများပြန်လည်ပြုပြင်ရန်အတွက် ကျေးရွာ ၁၄ ရွာအား တစ်ရွာလျှင်ငွေကျပ်သိန်း ၂၀ ဖြင့် ငွေကျပ်သိန်း ၂၈၀၊ ကျေးရွာ ၃၂ ရွာအတွက် တစ်ရွာလျှင် ငွေကျပ် ၁၀ သိန်းဖြင့် ငွေကျပ်သိန်း ၃၂၀၊ ပျက်စီးခဲ့သော အိမ် ၁၃ လုံး ပြန်လည်တည်ဆောက်ရန်အတွက် တစ်အိမ်လျှင် ငွေကျပ် သုံးသိန်းဖြင့် ငွေကျပ် ၃၉ သိန်းအား တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၈၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ပျက်စီးခဲ့သော နေအိမ် ၁၃ လုံး ပြန်လည်တည်ဆောက်ရန်အတွက် ဘိလပ်မြေအိတ် ၁၀၀၊ ခုနစ်ပေသွပ် ၅၈၉ ချပ်နှင့် ပြောင်သွပ် အချပ်၂၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

■

# ကနီမြို့တွင် ချင်းတွင်းမြစ်ရေလျှံပြီး မြို့ပေါ်ရပ်ကွက်အချို့တွင် ရေများဝင်ရောက်

**ကနီ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းတွင်းမြစ်ဖျားပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကမ်းဘေးမှ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်မှ အနိမ့်ပိုင်းနေရာများ၌ ယနေ့ နံနက်ပိုင်းမှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ဒုတိယအကြိမ် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသည်။

ကနီမြို့တွင် ယမန်နေ့ ည ၈ နာရီက ချင်းတွင်းမြစ်ရေမှာ မြို့၏ စိုးရိမ်ရေအမှတ် ၁၂၃၃ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ယနေ့တွင် ၁၂၆၃ စင်တီမီတာအထိ ရောက်ရှိလာ၍ စိုးရိမ်ရေမှတ်အထက် ၃၀ စင်တီမီတာ(တစ်ပေကျော်ခန့်)မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေများဝင်ရောက်လျက်ရှိ ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ ပေးပို့ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၆-၉-၂၀၁၅)

နေပြည်တော် စက်တင်ဘာ ၆

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၈၃၉၀ စုမှ လူဦးရေ ၁၆၃၉၃၀၀ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၉၁၀၁၉၀၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၂၉၃၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၃၇၂၅၀၇၅၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၈၇၀၄၂၅၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၇၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | - | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၆)ရက်နေ့အထိ | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၂၃ | ၈၇၀၈၀ | ၄၁၈၉၇၆ | ၂၄ | ၃၅၄၂၄၄၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၉၂၈၅၂၀၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၁၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၁၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၇၁ | ၂၁၆၁၈ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၀၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၃၀၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၁ | ၁၁၉၂၁၉ | ၄၉၆၁၁၆ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၂၁၂၂၀ | ၄၀၄၆၁၈ | ၁၆၂၄၃၈၉ | ၁၂၂ | ၈၇၄၇၁၆၅၀ | ၁၂၉၃၆၄၅၀ | ၈၉၀၉၀၀၀၀ | ၃၂၁၅၄၅၁၇၆ | ၁၀၃၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၁၄၆၅၈၅၄၆ | |
| | **ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လစုစုပေါင်း** | **၂၁၆၂၆** | **၄၀၆၇၆၄** | **၁၆၃၉၃၀၀** | **၁၂၉** | **၉၁၀၁၉၀၀၀** | **၁၆၇၂၉၂၃၀** | **၁၂၉၃၉၀၀၀၀** | **၃၃၇၂၅၀၇၅၆** | **၁၁၀၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၇၈၇၀၄၂၅၆** | |

## ပြည်တွင်းရေးရာ

❒ ကျော်ဖုံးမှ

ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းလေးတွေရှိတယ်။ ရှိပေမယ့် ကံဆိုးတာက ကလေးဒေသအပါအဝင် ချင်းပြည်နယ်မှာ မိုးကြီးတဲ့အခါကျတော့ လမ်းတွေအကုန်ပြိုသွားတယ်။ တစ်ရွာနဲ့တစ်ရွာ ဆိုင်ကယ်နဲ့အစအဆုံးသွားလို့မရတော့ဘူး။ ဆိုင်ကယ်နဲ့လမ်းသင့်တဲ့အထိသွား၊ လမ်းလျှောက်၊ ဟိုဘက်ကလာကြိုပေါ့။ ဟိုဘက်က ဟိုင်ဖိုင်းရွာကို နောက်တစ်နေ့ထွက်သွားတယ်။ ဟိုင်ဖိုင်းကလူတွေက အစ်ကိုတို့ သွားချင်တာဆိုတာထက် သူတို့ဒေသမှာ ဘယ်နေရာမှာတော့ ဘယ်လိုဖြစ်သွားတယ်ဆိုတာ သူတို့က ပြောပါတယ်။ သူတို့ပြောတဲ့နေရာပေါ့။ ကမ်းပါးချောင်းနဲ့ ဒေါင်ဗားချောင်းဆုံတဲ့နေရာမှာ မြေပြိုပြီး ချောင်းပိတ်တယ်လို့ ပြောပါတယ်။ အဲဒီကို အစ်ကိုတို့ကို ပို့ပေးခိုင်းပြီး အစ်ကိုတို့ နှစ်ယောက်ရယ်၊ ကီပေါ်ရွာအုပ်ချုပ်ရေးမှူးရယ်၊ အဲဒီက လမ်းပြတွေရယ်၊ လူရှစ်ယောက် ဆိုင်ကယ်လေးစီးသွားကြပါတယ်။ မူလနေရာအထိ ရောက်အောင်တော့ သွားလို့မရဘူး။ သူတို့ပြောတဲ့အရတော့ ဟိုင်ဖိုင်းကျေးရွာကနေ ပြိုတဲ့နေရာရောက်တဲ့ တံတားအထိ နှစ်မိုင်ကျော်ကျော်လောက် ဆိုင်ကယ်နဲ့ လိုက်ပို့ပေးတယ်။ ပြီးတော့ လမ်းဆင်းလျှောက်ရတယ်။ ဟိုင်ဖိုင်းကျေးရွာထိပ်ကနေ ဒေါင်ဗားချောင်းအခြေအထိကို လျှောက်ရတယ်။ ခန့်မှန်းပြောရရင် ပေ ၃၀၀၀ လောက်တော့ ရှိမယ်။ ဒေါင်ဗားချောင်းကို ရောက်သွားတဲ့အခါမှာ လုံးဝမြေပြန့်ဆန်ဆန်ပါပဲ။ သူတို့ပြောတဲ့နေရာကို တကယ်ရောက်ပါတယ်။ ဒေါင်ဗားချောင်းပေါ်မှာ ကြိုးတံတားလေးတည်ထားတယ်။ အဲဒီကြိုးတံတားလေးက အခုလုံးဝပျောက်သွားပြီလို့ပြောတယ်။ တကယ်လည်းဟုတ်တယ်။ အဲဒီဒေါင်ဗားချောင်းကို သူတို့အခေါ် ကမ်းပါးချောင်းကနေ ဝင်ပေါင်းတယ်။ ဝင်ပေါင်းတဲ့နေရာမှာ သူတို့ပြတဲ့နေရာကို အစ်ကိုတို့လည်းကြည့်တဲ့အခါကျတော့ ဒေါင်ဗားချောင်းကြီးကို လုံးလုံးကြီးပိတ်နေတာတော့ မရှိတော့ပါဘူး။ မျက်မြင်အနေနဲ့ တွေ့ရှိခဲ့တာကတော့ တစ်ချိန်ချိန်ကတော့ လုံးဝရေစီးပိတ်ခံထားရပါလိမ့်မယ်။ အဲဒီချောင်းဆုံနှစ်ခုရဲ့ အထက်ဘက်မှာ ရွှံ့ညွန်တွေကလည်း ရှိတယ်။ တောင်ပေါ်ချောင်းတွေရဲ့သဘာဝက ဘယ်တော့မှ ညွန်တွေမရှိဘူး။ ကျောက်ဆောင်ပေါ်မှာပဲ ရေလုံးရေမွှားနဲ့ စီးဆင်းနေတာပဲလေ။ အထက်ဘက်မှာ လုံးဝ အင်းပြင်ကြီးလို ဒေါင်ဗားချောင်းကြီးက ပြင်ညီဖြစ်နေတယ်။ ဒါပေမယ့် ရေကတော့ ချောင်းဆုံရဲ့ အောက်ဘက်ကိုတော့ တဝေါဝေါ စီးဆင်းနေတာပါပဲ။ အဲဒီချောင်းဆုံရဲ့ အောက်ကိုကြည့်လိုက်ရင် တောင်ပေါ်ကနေ ပြိုကျလာတဲ့ ကျောက်စိုင်ကျောက်တုံးကြီးတွေ၊ သူတို့ပြောတာကတော့ ဒီနေရာမှာအရင်က အဲဒီလိုကျောက်တုံးကြီးတွေ မရှိခဲ့ဘူး။ သူတို့ပြောခဲ့တာသာ မှန်ခဲ့ရင် လေး၊ ငါး ပေလောက်ရှိတဲ့ ကျောက်တုံးတွေ ဒီအပေါ်ကနေ အရှိန်အဟုန်နဲ့ ရေစီးနဲ့အတူ ကျလာပြီးတော့မှ ဒီချောင်းကို ယာယီပိတ်သွားတာ ဖြစ်ပါလိမ့်မယ်။ ယာယီပိတ်သွားပေမယ့် ဒေါင်ဗားချောင်းရဲ့ရေစီးဟာ အင်မတန်သန်တယ်။ အဲဒီအတွက်ကြောင့် ယာယီတမံက ရေပိုလျှံလို့မျိုး ကျသွားပြီးတော့မှ ချောင်းပြန်ပွင့်သွားတယ် ထင်ပါတယ်။ သူတို့ပြောပုံအရနဲ့ မြင်တွေ့ရပုံတွေအရ အရင်က ပိတ်ခဲ့တယ်လို့ ယူဆရပါတယ်။ ပိတ်ပြီးပေမယ့်လည်း လက်ရှိ ချောင်းကြမ်းပြင် မြင့်တက်ခဲ့တယ်လို့ ယူဆပါတယ်။

**မေး။ ။အဲဒီအခြေအနေတွေအရ မူလက စိုးရိမ်ထားသလို တောင်ပေါ်သဘာဝရေအိုင်သဖွယ်ဖြစ်သွားနိုင်တဲ့ အခြေအနေပေါ် အဲဒီကနေ ပြိုဆင်းလာမယ့် အန္တရာယ်တွေဖြစ်လာနိုင်သလား။**

ဖြေ။ ။အစ်ကိုတို့အရင်က စိုးရိမ်တာက ချောင်းကြီးကို တမံလိုပုံစံကြီးပိတ်နေမယ်။ ရေတွေကလည်း တအား ဝင်နေမယ်ဆိုပြီး စိုးရိမ်ပြီးယူဆလို့ သွားကြတာ။ အဲဒီယူဆချက်အရဆိုရင် အခုစိုးရိမ်ပူပန်မှုက လျော့ကျသွားတယ်။ အစ်ကိုတို့စိုးရိမ်တာက ပညာရှင်မဟုတ်တော့ မတွက်တတ်ဘူး။ တကယ်လို့ချောင်းရဲ့အောက်မှာ တမံလိုမျိုး ပေ ၅၀ လောက် ပိတ်ထားတယ်ဆိုရင် အထက်မှာ ဆင်ခြေလျှောက ဘယ်လောက်အထိရှိတယ်။ အကျယ်က ဘယ်လောက်အထိရှိတယ်ဆိုတာ တွက်ပြီးရင်တော့ ပညာရှင်တွေပြန်ပြီးတိုင်းရင် သူ့မှာ ရေကုဗ ဘယ်လောက်ထိန်းထားတယ်။ အဲဒီဟာကြီးက တကယ်ကျိုးရင် အောက်ကို ဘယ်လောက်အထိ ဖြစ်နိုင်သလဲဆိုတာ တွက်နိုင်ရင် ပိုပြီးလုံခြုံစိတ်ချမှုရှိမယ်ထင်တယ်။

**မေး။ ။အစ်ကိုတို့နှစ်ယောက် ကိုယ့်နယ်အတွက် စွန့်စွန့်စားစားသွားရောက်ပြီးတော့ ရယူခဲ့တဲ့ အချက်အလက်တွေ၊ ဓာတ်ပုံတွေ၊ မှတ်တမ်းတွေကို သက်ဆိုင်ရာပညာရှင်တွေကို တင်ပြဖို့ရှိပါသလား။**

ဖြေ။ ။အစ်ကိုတို့ကတော့ အွန်လိုင်းကနေပြီး ဆရာဦးမောင်မောင်သန်းတို့၊ ကိုစန်းအောင်တို့ရှိတယ်။ သူတို့က



ဓာတ်ပုံ - ကိုဇော်(ကလေး)

Landslide နဲ့ ပတ်သက်တဲ့ မြေပုံတွေ၊ အချက်အလက်တွေ တင်ပေးတယ်။ သူတို့တင်ပေးတာတွေကို အစ်ကိုတို့က ကြည့်ပြီး လေ့လာပြီးတော့ စိုးရိမ်လို့သွားတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကျေးဇူးတွေ၊ အချိန်နဲ့တစ်ပြေးညီတင်ပေးတဲ့ လုပ်ရပ်တွေကို အသိအမှတ်ပြုဂုဏ်ပြုတယ်။ သူတို့ကြောင့် အစ်ကိုတို့သွားဖြစ်လိုက်တာ။ အစ်ကို့ကိုလည်း ဆရာတွေက ဒီခရီးနဲ့ပတ်သက်တဲ့ ဆောင်းပါးအချက်အလက်တွေ ရေးပေးပါလို့ပြောပါတယ်။ အစ်ကိုတို့ ဒီလို မသွားခင်မှာ အစိုးရပိုင်သတင်းစာကြီးတွေမှာ ဦးမောင်မောင်သန်းတို့ ပြောတဲ့ဟာတွေ အွန်လိုင်းပေါ်က ဖတ်ရပါတယ်။ သတင်းစာကတော့ အချိန်မီမရောက်တဲ့အတွက် မဖတ်ရပါဘူး။ အရပ်ဘက်ပညာရှင်တွေ၊ လေ့လာနေတဲ့သူတွေကို အစိုးရသတင်းစာက ဖော်ပြတယ်ဆိုတာ အလွန်ဝမ်းသာပါတယ်။ အရပ်ဘက်နဲ့ အစိုးရပိုင်းဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်သွားရင် ကောင်းလာဖို့ပဲရှိပါတယ်။ ဌာနဆိုင်ရာနဲ့ အစ်ကိုတို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေမှာဆိုရင် တစ်ခုခုဖြစ်ရင် အရပ်ဘက်အဖွဲ့အစည်းတွေက တုံ့ပြန်မှုမြန်ပေမယ့် ဌာနဆိုင်ရာကတော့ စနစ်ကျပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေက အခုသွားမယ်ဆိုရင် ရတယ်ပေါ့။ ဌာနဆိုင်ရာမှာတော့ အဆင့်ဆင့်ဆိုတာ ရှိတယ်လေ။ အရပ်ဘက်အဖွဲ့အစည်းတွေက အရေးပေါ်အချိန်မှာ အလျင်အမြန်တုံ့ပြန်လိုက်တာကို နောက်ကနေ အစိုးရအဖွဲ့အစည်းတွေက သေချာလိုက်ပြီး စီမံခန့်ခွဲမှုလုပ်ပေးရင် အစ်ကိုတို့ကပိုဝမ်းသာမှာပါ။ အစ်ကိုတို့က တစ်ဦးတစ်ယောက်အတွက် သွားတာမဟုတ်ပါဘူး။ နာမည်ကြီးချင်လို့သွားတာ မဟုတ်ပါဘူး။ ကိုယ့်အရပ်ဒေသအတွက် စိုးရိမ်လို့သွား တာပါ။ အဲဒီလိုပဲ လူမှုအဖွဲ့အစည်းကလူတွေ ကိုယ့်ရပ်ကိုယ့်ရွာကို စောင့်ရှောက်မယ်ဆိုရင် တစ်ချိန်ချိန်မှာ ကိုယ့်နိုင်ငံကို စောင့်ရှောက်တဲ့ဘဝ ရောက်သွားပါလိမ့်မယ်လို့ ထင်မြင်မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဟုမ္မလင်း၊ ဖောင်းပြင်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ငါးပေခန့်၊ ဖောင်းပြင်မြို့တွင် ခြောက်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**




❖ တမူးခရိုင်မှ

**တမူးခရိုင် ကမ္ဘကြီးကျေးရွာ မြေနေရာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ်။**


အဆိုပါရေနစ်မြုပ်ကျေးရွာများအတွက် ရွာသစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အလှော်ကျေးရွာအတွက်၅၂ ဒသမ ၈၆ ဧက၊ ပွတ်သာကျေးရွာအတွက် ၆၀ ဒသမ ၆၆ ဧက၊ ထင်းဇင်ကျေးရွာအတွက် နှစ်ဧက၊ ကမ္ဘကြီးကျေးရွာအတွက် ၁၅ ဧက၊ မင်းသမီးကျေးရွာအတွက် ၁၂၃ ဒသမ ၀၃ ဧက၊ ကနန်ကျေးရွာအတွက် ၁၃ ဒသမ ၀၃ ဧကနှင့် တမူးမြို့ပေါ်ရပ်ကွက်များဖြစ်သော မြို့မရပ်ကွက်နှင့် စန္ဒကူးရပ်ကွက်တို့အတွက် ၁ ဒသမ ၆၅ ဧက၊ ခမ်းပတ်မြို့ ရပ်ကွက်(၁)နှင့် (၂)အတွက် ၅ ဒသမ ၅ ဧက၊ စုစုပေါင်း ၂၇၃ ဒသမ ၈၃ ဧကကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

တမူးဒေသအတွင်း အိမ်ရာသစ်များ ပြန်လည်တည်ဆောက်ရန်လိုအပ်သည့် ကျေးရွာများဖြစ်သော အလှော်ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့် အိမ်ခြေ ၁၀ လုံး၊ ပွတ်သာကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့် အိမ်ခြေ ငါးလုံး၊ ထင်းဇင်ကျေးရွာ၌ အိမ်ခြေ ၁၂ လုံး၊ ကမ္ဘကျေးရွာ၌ အိမ်ခြေ ၂၂ လုံး၊ ကျွန်းတောရေရှင်ကျေးရွာ၌ တစ်လုံး၊ မင်းသမီးကျေးရွာ၌ အိမ်ခြေအလုံး ၁၈၀၊ ကနန်ကျေးရွာ၌ အိမ်ခြေ ၁၀၁ လုံး၊ တမူးမြို့ မြို့မရပ်ကွက်၌ ၁၆ လုံး၊ စန္ဒကူးရပ်ကွက်၌ ရှစ်လုံး၊ ခမ်းပတ်မြို့ အမှတ်(၁) ရပ်ကွက်၌ ၂၆ လုံး၊ အမှတ်(၂)ရပ်ကွက်၌ လေးလုံး စုစုပေါင်းအိမ်ခြေ ၃၈၅ လုံး၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် ဆေးပေးခန်းနှစ်ခုတို့ကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ ပူးပေါင်းပြီး ကြမ်းခင်းဧရိယာစတုရန်းပေ ၆၄၀ ရှိသော အိမ်ရာသစ်များကို အသစ်ပြန်လည် တည်ဆောက်ပေးသွားမည်ဖြစ်ပြီး လမ်း/တံတား၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ကိစ္စများကို တစ်ပါတည်းပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ငါးသိုင်းချောင်းမြို့အတွင်းရှိ ကျေးရွာများတွင် ယခုရက်ပိုင်း ရေတစ်ပေခန့်တက်လာသော်လည်း ပုံမှန်သွားလာနေသည့် ကျေးရွာနေပြည်သူများကို တွေ့ရစဉ်။ (ဇေယျာဝင်း)

# ဟယ်ရီပေါ်တာဇာတ်ကား ထဲကအိမ်ကို Twilight ဇာတ်ကားတွင် အသုံးပြုသည်



ဟယ်ရီပေါ်တာဇာတ်ကားတွင် အသုံးပြုခဲ့သော အိမ်ကြီးမှာ Twilight ဇာတ်ကားတွင် သုံးစွဲပါက ဇာတ်အိမ်ကို ပိုမိုကြွစေမည်ဟု အမေရိကန် ရုပ်ရှင်ဝေဖန်ရေးဆရာများက သုံးသပ်ခဲ့သည်။ Twilight ဇာတ်ကားသည် ဇာတ်အိမ်တည်ဆောက်ပုံကောင်းမွန်သော်လည်း နောက်ခံအပြင်အဆင်၊ တည်နေရာ၊ ရှုခင်းရှုကွက်စသည်တို့ကို ရွေးချယ်ရာတွင် ဟယ်ရီပေါ်တာဇာတ်ကားအားမမီခဲ့ကြောင်းလည်း ဆက်လက်သုံးသပ်ပြထားသည်။

ဟယ်ရီပေါ်တာနှင့် Twilight ဇာတ်ကားတို့မှာ ရေပန်းအစားဆုံးသည်းထိတ်ရင်ဖို ဇာတ်ကားများအဖြစ် ရေပန်းစားခဲ့သော်လည်း ဇာတ်လမ်းတည်ဆောက်ပုံနှင့် ဇာတ်ကောင်ဖန်တီးမှုအပိုင်းတွင် လုံးဝခြားနားသောဇာတ်ကားများဖြစ်သည်ဟုလည်း ဆက်လက်ရေးသားထားသည်။ သွေးစုပ်ဖုတ်ဇာတ်ကောင်အဖြစ်သရုပ်ဆောင်ထားသော မင်းသားရောဘတ်ပတ်တီဆန်နှင့် မင်းသမီးအမ်မာဝက်ဘ်ဆန် တို့၏ အကွဲအပြဲဇာတ်လမ်းကြောင့် Twilight ဇာတ်ကားမှာ ဟယ်ရီပေါ်တာဇာတ်ကားထက် လူငယ်ပရိသတ်များကြား ပိုမိုရေပန်းစားသောဇာတ်ကားဖြစ်လာခဲ့ရခြင်းဖြစ်သည်။

# ဘီယွန်စေးရဲ့ ပြီးပြည့်စုံတဲ့အလှ

အမေရိကန်နာမည်ကြီး ပေါ့ပ်အဆိုတော် ဘီယွန်စေးဟာ Made in USA Set ပွဲတော်ကိုတက်ရောက်လာပြီး သူ့ရဲ့နေ့စဉ်ဘဝ နေထိုင်မှုပုံစံမှာ ဘယ်လိုရာသီဥတုမှာ ဘယ်လိုပစ္စည်းတွေသုံးစွဲဝတ်ဆင်တယ်ဆိုတာကို ပရိသတ်ကိုအသိပေးခဲ့ပါတယ်။

ပရိသတ်တွေကလည်း သူ့ရဲ့နေထိုင်မှုပုံစံကို သဘောကျတာကြောင့် ဒီအလှကုန်နဲ့ အဝတ်အထည်ပစ္စည်းတွေဟာ အရောင်းသွက်နေဦးမှာဖြစ်တယ်လို့ ဈေးကွက်လေ့လာသူတွေက ယူဆကြပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၄ ရက်ဟာ ဘီယွန်စေးရဲ့ အသက်(၃၄)နှစ်ပြည့်မြောက်တဲ့ မွေးနေ့ဖြစ်တာကြောင့် ပရိသတ်တွေက မွေးနေ့မှာဘယ်သူပေးတဲ့လက်ဆောင်က သူ့အတွက် အကောင်းဆုံး လက်ဆောင်ဖြစ်ခဲ့သလဲဆိုပြီး မေးမြန်းခဲ့ရာမှာ သူက "ကျွန်မသမီးလေးဘလူးအိုင်ဗီပေးတဲ့လက်ဆောင်လောက် ဘယ်လက်ဆောင်ကမှ ချစ်စရာမကောင်းပါဘူး။ သူက မွေးနေ့ကတ်ကို သူ့ဘာသာဖန်တီးပြီးပေးခဲ့တာ"လို့ဆိုခဲ့ပါတယ်။

ဘီယွန်စေးအနေနဲ့ အခုလိုတက်ရောက်လာတဲ့အနုပညာရှင်များအကြား အပေါ်လွင်ဆုံးဖြစ်နေခဲ့တာကတော့ သူ့ရဲ့မိသားစုကရရှိတဲ့ ပြီးပြည့်စုံတဲ့ချစ်ခြင်းကြောင့်သာ ဖြစ်တယ်လို့ အမ်တီဗွီဒေါ့ကွန်းက ဖော်ပြပါတယ်။

# ပရိသတ်တွေ ကျေနပ်စေမယ့် Avengers'-Style ကာတွန်းဇာတ်ကား



ထရက်ကင်းဘုတ်အဖွဲ့က ၁၉၉၀ကျော်ကာလက နာမည်ကြီး ကာတွန်းဇာတ်ကောင်များနှင့် ယခုနောက်ပိုင်း နာမည်ကျော်ကာတွန်းဇာတ်ကောင်များဖြစ်သည့် Spong Bob Avengersဇာတ်ကောင်များပါ ပါဝင်မည့် ကာတွန်းဇာတ်ကားသစ်ကို ပရိသတ်အဟောင်းများနှင့်အသစ်နှစ်မျိုးစလုံးအတွက် စိတ်ကျေနပ်မှုရစေရန် ရည်ရွယ်တင်ဆက်ပေးသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဇာတ်ကား၏ ဇာတ်ကောင်များကို ယေဘုယျအားဖြင့်ချထားပြီးဖြစ်သော်လည်း ဇာတ်လမ်းကိုမူ မည်သည့်စာရေးဆရာနှင့် အပ်ရမည်ဆိုသည်ကို ယခုထိစဉ်းစားနေ ဆဲပင်ဖြစ်သည်ဟုလည်း တစ်ဆက်တည်းကြေညာခဲ့သည်။

ယင်းဇာတ်ကားကို ပါရာမောင့်ထုတ်လုပ်ရေးမှ ဖြန့်ချိသွားမည်ဖြစ်ပြီး ပရိုဂျူဆာမှာ SpongeBob Movie: Sponge Out of Water ထုတ်လုပ်သူ မေရီပေးရန့်နှင့် ဘိုင်တာတို့ပင် ဖြစ်သည်ဟုလည်း ဆိုခဲ့သည်။

"အခုထိဘယ်လိုဇာတ်လမ်းကျောရိုးချရမယ်ဆိုတာ သေချာအတိအကျ မသိသေးပေမယ့် အရင်က ကာတွန်းဇာတ်ကားတွေကိုနှစ်သက်ခဲ့တဲ့လူတွေ၊ အခု နာမည်ကြီးနေတဲ့ ကာတွန်းဇာတ်ကောင်တွေကို ကျွန်တော်တို့အားလုံးပါဝင်စေဖို့ ဖန်တီးကြမှာပါ။ ဒါဟာ ငွေရေးကြေးရေးအရ အဆင်ပြေဖို့ဆိုတာထက် ကာတွန်းကားလေးတွေကို ရူးရူးမူးမူးအားပေးခဲ့တဲ့ ပရိသတ်တွေကို စိတ်ကျေနပ်မှုပေးဖို့ တင်ဆက်မယ့် ဖန်တီးမှုအသစ်တွေဖြစ်ပါတယ်" ဟု ပါရာမောင့်ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယုယ- စုစည်းသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၇ - ၉ - ၂၀၁၅ (တနင်္လာနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ခြေခြေမြစ်မြစ်
နှစ်နှစ်ကာကာချစ်တဲ့
ကာလပေါ်တေးအရသာ
ဂီတရိပ်သာ (အပိုင်း-၁၃၃)
၆း၅၅ "ကျားခင်စိန်နှင့်တွေ့ဆုံခြင်း"
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ"
(အပိုင်း-၈)
၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"လက်တွဲဖော်"(အပိုင်း-၁၃)
၈း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း
"ရွှေမင်းသားလေးရဲ့
ကိုယ်ရံတော်"
(ပထမပိုင်း) (ပြေတီဦး၊နဝရတ်)
(ဒါရိုက်တာ-နေပိုင်)
၉း၅၀ ASEAN Cultural Fair (2014)
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း
"မြင့်မြတ်ဆည်းဆာ"
(မင်းရာဇာ၊ မျိုးစန္ဒီကျော်)
(ဒါရိုက်တာ-စန္ဒာအောင်သိန်း)
ညနေ
၄း၅၀ ရေဘေးအထူးရန်ပုံငွေပွဲ
(ရုပ်ရှင်သရုပ်ဆောင်၊
အဆိုတော်များအသင်းနှင့်
မြန်မာ့လက်ရွေးစင်ဟောင်း
အသင်း)တိုက်ရိုက်ထုတ်လွှင့်မှု
အစီအစဉ်
၅း၅၀ ရေဘေးအထူးရန်ပုံငွေပွဲ
(မြန်မာ့လက်ရွေးစင်အသင်းနှင့်
နယူးဇီလန်လက်ရွေးစင်အသင်း
တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်)

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဂန္ထဝင်မြောက်အမုန်း
အပိုင်း(၅၂)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရာရာထက်မင်း
အပိုင်း(၁၂)
- ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဓနတံတိုင်းရဲ့တစ်ဖက်တစ်ချက်
အပိုင်း(၁၁)

## MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ ရတနသုတ်
၅း၄၀ "ဥပုသ်သည်တို့စကားဝိုင်း
အကြောင်း" (ပါမောက္ခချုပ်
ဆရာတော်ဒေါက်တာဘဒ္ဒန္တ
နန္ဒမာလာဘိဝံသ)
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နေရောင်အောက်မှာ
ပွင့်သောပန်း"(အပိုင်း-၇၇)
၁၁း၀၀ သွားမယ် စားမယ်(John Dee's
Restaurant)
၁၁း၃၀ Forever Music Tribute
မာရဇ္ဇ (အပိုင်း-၁)
(ပထမပိုင်း)
၁၁း၅၀ ကျားခင်စိန်နှင့် တွေ့ဆုံခြင်း
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း-၃၉)
၁၂း၄၀ သာသနာ့ရေးရာ အဖြာဖြာ
(အမရပူရမြို့
မဟာဂန္ဓာရုံကျောင်း
တိုက်ကြီးတွင် ကျင်းပသည့်
ဝါဆိုပွဲအခမ်းအနား)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"အိမ်နီးချင်း" (အပိုင်း-၃၂)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၅)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၆)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"အိမ်နီးချင်း" (အပိုင်း-၃၃)
၈း၁၀ Drive It
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နေရောင်အောက်မှာပွင့် သော
ပန်း" (အပိုင်း-၇၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း-၄၀)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ Globa Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁း၂၀ World Of Knowledge
(Air Crash Investigation :
Doomed to Fail)
၁း၁၅ Europen Qualifiers
Scotland Vs Germany
(LIVE)
၄း၄၅ တန်ခိုးကြီးမား
ဘုရားစေတီပုထိုးများ
(သထုံမြို့ ရွှေစာရံဘုရား)

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၆း၂၀ မင်းကွန်းဆရာတော်ကြီး၏
ထေရုပ္ပတ္တိမော်ကွန်း
(စတုတ္ထဆယ်စုနှစ်)
(အပိုင်း-၂)
၆း၄၀ မင်းကွန်းဆရာတော်၏
အရပ်ဆယ်မျက်နှာ
မေတ္တာဘာဝနာပွားများခြင်း
တရားတော်
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ
အမျိုးသမီးများ
၉း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၅၀ "ကယားပြည်နယ်ရွာသစ်မြို့မှ
အလင်းတန်းများ"
၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး
ရုပ်မြင်သံကြားသင်ခန်းစာ
-တတိယနှစ်
(မြန်မာစာအထူးပြု)(မြန်မာစာ)
၅း၅၀ ရေဘေးအထူးရန်ပုံငွေပွဲ
(မြန်မာလက်ရွေးစင်အသင်းနှင့်
နယူးဇီလန်လက်ရွေးစင်
အသင်း)တိုက်ရိုက်ထုတ်လွှင့်မှု
အစီအစဉ်
၈း၃၅ "ရေဘေးသင့်ဒေသများတွင်
ဆောက်လုပ်ရေးဝန်ကြီးဌာန
အောက်ရှိ လမ်းဦးစီးဌာန၏
ပြန်လည်ပြုလုပ်ရေး
လုပ်ငန်းများ
လုပ်ဆောင်ပေးနေမှုပုံရိပ်များ"
-နိုင်ငံခြားဇာတ်လမ်းတွဲ
"ညသူရဲကောင်း"(အပိုင်း-၂၃)

အားကစား

# ရီးယဲလ်တိုက်စစ်အတွဲ စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ကို ခေါ်ယူဖို့ ကြိုးပမ်းသွားမယ့် မန်ယူ



မန်ယူအသင်းက ရီးယဲလ်တိုက်စစ်အတွဲဖြစ်တဲ့ ဂါရတ်ဘေးလ်နဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးစလုံးကို လာမယ့်နှစ်နွေစျေးကွက်နောက်ဆုံးထားပြီး ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ မေရာဒေးလီးကဖော်ပြခဲ့ပါတယ်။ လတ်တလော မန်ယူဂိုးသမား ဒီဂီယာရဲ့အပြောင်းအရွှေ့ကိစ္စရပ်နဲ့ ပတ်သက်ပြီး မန်ယူနဲ့ ရီးယဲလ်တို့အကြား စကားလုံးစစ်ပွဲတွေ ဆင်နွှဲနေပေမယ့် မန်ယူကအလိုရှိဆုံးကစားသမားတွေဟာ ရီးယဲလ်ကစားသမားတွေဖြစ်တဲ့ ဂါရတ်ဘေးလ်နဲ့ စီရိုနယ်လ်ဒိုတို့ဖြစ်တယ်လို့ ဆိုပါတယ်။

မန်ယူက ရီးယဲလ်အနေနဲ့ သူတို့ဂိုးသမားဒီဂီယာကိုလိုချင်ရင် နောက်ခံလူရာမို့စ်ကို ပြန်ပြီးရောင်းချရမယ်လို့ အစောပိုင်းကတောင်းဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဂါရတ်ဘေးလ်ကိုရောင်းချရင် ရီးယဲလ်အနေနဲ့ ဒီဂီယာအပြင် နောက်ထပ်ပေါင်သန်း ၅၀ ထပ်ဆောင်းရဦးမယ်လို့ ကမ်းလှမ်းလာခဲ့ပါတယ်။ဒါပေမယ့်လည်း ရီးယဲလ်ဘက်က ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ ရာမို့စ်တို့ဟာ ရောင်းချမယ့်ကစားသမားစာရင်းထဲမှာ မပါဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။

မန်ယူအသင်းက ဘေးလ်ကို စပါးမှာရှိစဉ်ကတည်းက ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် ကစားသမားကိုယ်တိုင်က ရီးယဲလ်ကိုသာ ရွေးချယ်ခဲ့လို့ လက်လျှော့ခဲ့ရတာဖြစ်ပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက ရီးယဲလ်မှာ ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရတာကြောင့် ရီးယဲလ်ပရိသတ်တွေရဲ့ တိုက်ခိုက်မှုကို ခံခဲ့ရပြီး အသင်းပြောင်းရွှေ့တော့မယ်ဆိုတဲ့ သတင်းတွေ ကျယ်ကျယ်လောင်လောင်ထွက်ခဲ့သူပါ။စီရိုနယ်လ်ဒိုကတော့ ရီးယဲလ်နည်းပြသစ်ဘင်နီတက်ဇ်နဲ့ ဆက်ဆံရေးပိုင်း အဆင်မပြေမှုတွေ ရှိနေတာကြောင့် မန်ယူကို တစ်ကျော့ပြန်သွားရောက်ကစားဖို့ စိတ်ဝင်စားနေခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ အပြောင်းအရွှေ့စျေးကွက်မှာ လိုချင်တဲ့ကစားသမားတွေကို ပစ်မှတ်ထားလို့ ရပေမယ့် ရီးယဲလ်အသင်းက ငွေကြေးလိုအပ်ချက်မရှိတာကြောင့် ဘယ်ကစားသမားကိုမှရောင်းချသွားမှာမဟုတ်ဘူးလို့ ရီးယဲလ်ဘက်ကဆိုပါတယ်။ရီးယဲလ်ဘက်က မန်ယူဂိုးသမား ဒီဂီယာကို အဓိကထားခေါ်ယူဖို့တောက်လျှောက်ကြိုးပမ်းနေသလို မန်ယူကလည်း ဂါရတ်ဘေးလ်နဲ့ စီရိုနယ်လ်ဒိုအတွက် ပေါင်သန်း ၂၀၀ကျော်အသုံးပြုဖို့လည်း ဝန်လေးမှာ မဟုတ်ဘူးလို့ ဆိုထားခဲ့လေတော့. . . .။

**ရှိုင်းယန်ဟေဒင်**

# ပြင်သစ်အသင်းနိုင်ပွဲများယခုထက်ပိုမိုရရှိရန်လိုအပ်ကြောင်း ဒက်ချမ့်စ်တိုက်တွန်း

ပြင်သစ်အသင်းနည်းပြ ဒီဒီယာဒက်ချမ့်စ်က ပြင်သစ်အသင်းသားများအနေဖြင့် ၂၀၁၆ယူရိုဖလားမတိုင်မီ ယှဉ်ပြိုင်မည့် ပြိုင်ပွဲများအားလုံးကိုအနိုင်ယူကာ မိမိတို့အသင်း၏ အဆင့်အတန်းအမှန်တစ်ရပ်ကို ပြသသွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ပြင်သစ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲတွင် ပေါ်တူဂီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူထားနိုင်ခဲ့ပြီးနောက် စက်တင်ဘာ ၇ရက်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဆားဘီယားသင်းနှင့် ထပ်မံယှဉ်ပြိုင်မည့် ပွဲစဉ်ကိုလည်း အနိုင်ကစားရန် ယင်းသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ဘောလုံးလောကအား လွှမ်းမိုးခဲ့သော်လည်း ၂၀၁၀နောက်ပိုင်း၌အဆင့်သတ်မှတ်ချက်များ ဆက်တိုက်ကျဆင်းလာခဲ့ပြီး လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ (၂၄)ဖြစ်သည်။ ပြင်သစ်သည် အယ်လ်ဘေးနီးယား၊ ဘယ်လ်ဂျီယံတို့ကို ပြီးခဲ့သည့် ဇွန်လကယှဉ်ပြိုင်ခဲ့သည့် ခြေစမ်းပွဲများတွင်ရှုံးနိမ့်ခဲ့သေးသည်။ ပြင်သစ်တွင် ခြေစွမ်းမြင့်မားသည့်ကစားသမားကောင်းမြောက်မြားစွာ ပါဝင်သော်လည်း အသင်း၏ရလဒ်များမှာ ကျန်ကမ္ဘာ့ထိပ်တန်းအသင်းကြီးများအားမယှဉ်ပြိုင်နိုင်ခဲ့ပေ။

“ကျွန်တော့်အနေနဲ့ အသင်းရဲ့နိုင်ပွဲတွေရနေရင်ကျေနပ်နေမှာပါပဲ။ ကျွန်တော်တို့အသင်းမှာ နောက်တန်းနဲ့ တိုက်စစ်ပိုင်းက ကစားပုံကောင်းမွန်ပေမယ့် ညာခြမ်းကစားပုံဟာ လိုအပ်ချက်တွေရှိနေဆဲပါ။ ဒါကို ယူရို-၂၀၁၆ပွဲမတိုင်မီ အချိန်မီပြင်ဆင်ဖို့ ကြိုးပမ်းရပါမယ်။ပေါ့ဘာကတော့ တစ်ခါတစ်ရံ အခွင့်အရေးအချို့ ဖြုန်းတီးတတ်တာကလွဲရင် ပြီးပြည့်စုံတဲ့ ကစားသမားပါပဲ။ သူဟာ ကာဘာယီနဲ့ မာတူဒီတို့အကြားကောင်းကောင်းချိတ်ဆက်ပေးနိုင်တဲ့ကစားသမားပေါ့ဗျာ” ဟု ဒက်ချမ့်စ်ကပြောကြားခဲ့သည်။

ပြင်သစ်တွင် ဘင်ဇီမာ၊ပေ့ါဘာ၊ ဂရစ်ဇ်မန်းနှင့် ဖက်ကာအစရှိသဖြင့်ခြေစွမ်းမြင့်မားသည့်ကစားသမားကောင်းများရှိသော်လည်း အသင်း၏ရလဒ်မှာ အတက်အကျများနေသောအနေအထား၌သာရှိနေဆဲဖြစ်သည်။ပြင်သစ်အသင်းသည် ဂျာမနီ၊ဘရာဇီးစသော ကမ္ဘာ့ထိပ်တန်းအသင်းများနှင့်နောက်ဆုံးကစားခဲ့သည့်ခြေစမ်းပွဲစဉ်များ၌လည်း ရှုံးနိမ့်ခဲ့သည်။

**ရှိုင်းယန်ဟေဒင်**



# ဟမ်ဆစ်အတွက် နောက်တစ်ကြိမ် ထပ်မံကမ်းလှမ်းတော့မည် မဟုတ်သည့် ဂျူဗင်တပ်

နာပိုလီကွင်းလယ်ကစားသမား ဟာစ်ဆစ်အား ဂျူဗင်တပ်အသင်းမှ လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ထပ်မံကမ်းလှမ်းတော့မည်မဟုတ်ကြောင်း ဂျူဗီဥက္ကဋ္ဌမာရော့တာက ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျူဗင်တပ်အသင်းတွင် ယခုနှစ်နွေစျေးကွက်၌ ကစားသမား အမြောက်အမြားထွက်ခွာခဲ့သလို ကစားသမားသစ်များစွာကိုလည်းခေါ်ယူအားဖြည့်ခဲ့သည်။

ဂျူဗင်တပ်သည် နာပိုလီကွင်းလယ်လူဟမ်ဆစ်အတွက် ပြောင်းရွှေ့ကြေးယူရို၂၅သန်းဖြင့်ကမ်းလှမ်းခဲ့သော်လည်း နာပိုလီဘက်မှ ပယ်ချခဲ့သည်။ ဂျူဗင်တပ်သည် ယခုနှစ်နွေစျေးကွက်တွင် ဟမ်ဆစ်နှင့်ဒရက်စ်စလာတို့အားခေါ်ယူရန် ချိတ်ဆက်ခဲ့သော်လည်း ထိုအပြောင်းအရွှေ့နှစ်ခုစလုံးမှာ ဖြစ်မြောက်မလာခဲ့ဘဲ အင်တာမှ ဟာနာနက်စ်ကိုသာ အပြောင်းအရွှေ့ပိတ်သိမ်းခါနီးအချိန်တွင်ခေါ်ယူနိုင်ခဲ့သည်။

ဂျူဗင်တပ်သည် ယခုနှစ်ဘောလုံးရာသီတွင် အူဒီးနီးစ်နှင့် ရိုးမားအသင်းတို့အားရှုံးနိမ့်ခဲ့ပြီး အမှတ်ပေးဇယားအောက်ခြေ၌သာ ရပ်တည်နေသော်လည်း မာရော့တာကမူ စီးရီးအေချန်ပီယံဆုအတွက်မည်သည့် အခါကမျှ စိတ်ပူပန်မှုမရှိခဲ့ဟု ဆိုခဲ့သည်။ **မေလှဲ့သင်း**

# မာရှယ်လ်ဟာအနာဂတ်မန်ယူအသင်းခေါင်းဆောင်ပါ



မာရှယ်လ်သည် အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် မန်ယူသို့ပြောင်းရွှေ့ကြေးပေါင်၅၈သန်းဖြင့်ရောက်ရှိလာခဲ့သူဖြစ်သော်လည်း ယင်းမြင့်မားသည့်ပြောင်းရွှေ့ကြေးက ကစားသမား၏ခြေစွမ်းကို ထိခိုက်စေမည်မဟုတ်ဘဲ မာရှယ်လ်မှာ အနာဂတ်မန်ယူအသင်းခေါင်းဆောင်ဖြစ်လာမည့်သူဟု မာရှယ်လ်၏အစ်ကိုဖြစ်သူ ဒေါ်ရန်က ပြောကြားခဲ့သည်။။ မာရှယ်လ်၏အပြောင်းအရွှေ့ကိစ္စရပ်အပေါ် ဝေဖန်မှုအမျိုးမျိုးရှိနေသော်လည်း ဒေါ်ရန်ကမူ မန်ယူမှာ မှန်ကန်သည့် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်နိုင်ခဲ့ခြင်းသာဖြစ်သည်ဟု ဆိုခဲ့သည်။

မာရှယ်လ်မှာ အွန်နရီ၊ အီဗရာ၊ယာယာဆိုင်နိုဂိုစသော ကစားသမားများပေါ် ထွက်လာခဲ့သည့် စီအိုအသင်းတွင်ကစားခဲ့သူဖြစ်ပြီး ငယ်ရွယ်စဉ်ကတည်းကပင် အားကစားဒါရိုက်တာများ၏ သတိပြုခံခဲ့ရသော ခြေစွမ်းထက်မြက်သည့် ပါရမီရှင်ကစားသမားလည်းဖြစ်သည်။ မာရှယ်လ်၏ ကြန်အင်လက္ခဏာနှင့် စိတ်ဓာတ်အနေအထားတို့သည် အနာဂတ်မန်ယူအသင်းခေါင်းဆောင်သေချာပေါက်ဖြစ်လာမည့်သူဟုလည်း ဒေါ်ရန်ကသူ၏အမြင်ကို မီဒီယာများသို့ ဖွင့်ချခဲ့သည်။

**မေလှဲ့သင်း**

# ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပူတာအို စက်တင်ဘာ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပညာရေးမှူးရုံးက ကြီးမှူး၍ ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (အရပ် ၄ပေ ၆ လက်မအောက်) ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီတွင် အထက- ပူတာအို အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အထက(ခွဲ) ဇီးအွန်အသင်းနှင့် အထက ပူတာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(ခွဲ) ဇီးအွန်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပူတာအို / မချမ်းဘောမြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုးအကောင်းဆုံး အားကစားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားဆုများကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးခင်မောင်ရီက ဒုတိယဆုရ အထက ပူတာအိုအသင်းအားငွေသားဆုကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းက ပထမဆုရ အထက(ခွဲ) ဇီးအွန်အသင်းအား ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသားလူငယ်များ၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်လာစေရန်၊ ကျောင်းသားလူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် စည်းကမ်းသေဝပ်ပြီး ဥပဒေကိုလေးစားလိုက်နာတတ်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

## အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ဆိုင်ရာငွေကြေးအကျိုးခံစားခွင့်ထုတ်ပေး

**ပြည် စက်တင်ဘာ ၆**

၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုဆိုင်ရာငွေလုံးငွေရင်း အကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်းထုတ်ပေးသည့်အခမ်းအနားကိုဩဂုတ် ၂၉ ရက်ကပြည်မြို့ ဗိုလ်ချုပ်လမ်း မူယာပင်ရပ်သီရိခေတ္တရာ ရတနာမြို့တော်ခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် နဝဒေးသကြားစက်မှ အမာခံအလုပ်သမားဒေါ်တင်နန္ဒာလှိုင်၏ အမြဲတမ်းမသန်မစွမ်းမှုအတွက် ငွေလုံးငွေရင်း ကျပ် ၇၇၉၁၀၀အားလည်းကောင်း၊ နဝဒေးသကြားစက်မှ အမာခံအလုပ်သမားဒေါ်မြင့်မြင့်အေး၏ အမြဲတမ်းမသန်မစွမ်းမှုအတွက်ငွေလုံးငွေရင်းကျပ် ၅၁၅၄၀၀တို့အား ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေသစ်နှင့်အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်ကပေးအပ်ခဲ့သည်။

ထို့နောက် အကျိုးခံစားခွင့်ရရှိသူတစ်ဦးကကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့်အတူ လူမှုဖူလုံရေး(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးမှတာဝန်ရှိသူများ၊ မြို့နယ်လူမှုဖူလုံရေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ အကျိုးခံစားခွင့်ရရှိသူများတက်ရောက်ကြသည်။ **(၄၉၇)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းများကွင်းဆင်းစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖဲထော်ကျေးရွာသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းလည်ပတ်ရန်ပံ့ငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ၃၁ ခု၊ မွေးမြူရေးလုပ်ငန်း ၁၅ခု၊ ကုန်ထုတ် လုပ်ငန်း ၁၆ခုလုပ်ကိုင်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ ရက်က မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးရဲဝင်းနှင့် မြို့နယ်ဦးစီးမှူးဦးချစ်ငွေ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်စီမံကိန်းဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးကြသည်။ **(ခရိုင်ကျေးလက်)**

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်း



## ကျောင်းကုန်းမြို့နယ်ရှိ ပျက်စီးလယ်မြေများ ပြန်လည်ထွန်ယက်ပေးမည်

**ကျောင်းကုန်း စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်ကျေးရွာအုပ်စု ထမင်းဆုပ်ကုန်းကျေးရွာနေ တောင်သူ ဒေါ်ရင်ရွှေ၏ ရေမြုပ်လယ်မြေအား စက်တင်ဘာ ၅ ရက်နေ့ နံနက်ပိုင်းမှစတင်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လယ်ထွန်စက်ဖြင့် ထွန်ယက်ပေးခဲ့ကြောင်းသိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ လယ်ယာလုပ်ငန်းများတွင် စက်မှုလယ်ယာအဖြစ် တိုးတက်လာစေရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက စက်ကိရိယာများ တိုးမြှင့်အသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကြီးမှုကြောင့် လယ်မြေ ၂၄၉၁၇ ဧကရေနစ်မြုပ်ခဲ့ရာ လယ်မြေ ၂၁၂၃၈ ဧက ပျက်စီးသွားခဲ့သည်။ ယင်းပျက်စီးသွားသော လယ်မြေများအား ပြန်လည်ထွန်ယက်ပေးမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ၏ လယ်ယာလုပ်ငန်းတွင် လယ်ယာသုံးထွန်စက်များအသုံးပြုနိုင်ရန်အတွက် လယ်ယာဝန်ဆောင်မှုအဖြစ် ထွန်ယက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးခြင်း၊စနစ်ကျ လယ်ယာမြေများ ဖော်ဆောင်ပေးခြင်း၊ တောင်သူပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ကျေးရွာမီးလင်းရေး ထရန်စဖော်မာများနှင့် စတီးစားပွဲ၊ ကုလားထိုင်များ လှူဒါန်း

**ကနီ စက်တင်ဘာ ၆**

ကနီမြို့နယ် မိုးကောင်းကျေးရွာအုပ်စုအတွင်းမှ မိုးကောင်း(ရ)ကျေးရွာ၊ မိုးကောင်း(န)ကျေးရွာ၊ ကြွယ်ဖိုးကျေးရွာများ မီးလင်းရေးအတွက် (200KVA) ထရန်စဖော်မာတစ်လုံးစီနှင့် စတီးစားပွဲ၊ ကုလားထိုင်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၄ ရက်က မိုးကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ဆရာတော်မှ ဩဝါဒမြွက်ကြားပြီး အလှူရှင် မန္တလေးမြို့ ဦးလှအောင်ဇနီး ဒေါ်စန်းရီ (ဆန်းသစ်ဦး Advertising Co.Lt) မိသားစုမှ မိုးကောင်း(ရ)ကျေးရွာ၊ မိုးကောင်း(န)ကျေးရွာ၊ ကြွယ်ဖိုးကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ (200KVA) ထရန်စဖော်မာတစ်လုံးစီနှင့် စတီးစားပွဲ၊ ကုလားထိုင်များ ၁၅ စုံစီ ပေးအပ်လှူဒါန်းပြီး ပျဉ်တော၊ နတ်ကောင်းစဉ်၊ ချောင်းနားနှင့် ဆူးလေကုန်းကျေးရွာများအတွက် နာရေးသုံးစတီးသေတ္တာတစ်လုံးစီ လှူဒါန်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်မှ မိုးကောင်း(ရ)ကျေးရွာ၊ မိုးကောင်း(န) ကျေးရွာ၊ ကြွယ်ဖိုးကျေးရွာများ မီးလင်းရေးအတွက် ငွေကျပ်တစ်သိန်းစီ လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ဉာဏ်ထွန်း(ငြိမ်း) နှင့် ဇနီး ဒေါ်စိုးစိုးဟန် မိသားစု၊ ဆန်းသစ်ဦးမိသားစုနှင့် မီးကန်ထရိုက်တာ ဦးဆန်းထူးမောင် မိသားစုတို့က မိုးကောင်း အ-ထ-ကကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဆရာတော်မှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

zci t rnre

ကနီမြို့နယ်၊ ချိုင်ရွာ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)တွင် ပညာသင်ယူနေသော မကြည်ကြည်မာ၏ဖခင်အမည်မှန်မှာ ဦးလှရွှေ ဖြစ်ပါသည်။ **ဦးလှရွှေ[၅/ကနန(နိုင်)၀၇၅၄၈၉]**




**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ SHWE SIEE SEIN HTET FAMILY CO.,LTD ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ်-33102 (14-3-14)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၈၇၇၃၅**

**ဝန်ထမ်းအလိုရှိသည်**

**Driver** **(3)** ဦး
လစာ(၂၀၀၀၀၀-၂၅၀၀၀၀)
**Marketing** **(5)** ဦး
လစာ(၁၂၀၀၀၀+%)
ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
**Ph:09-421030007, 01-249090**

**အမည်ပြောင်း**

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(က)ဖျာပုံမှ မနှင်းသီရိကျော်၏ဖခင်အမည်မှန်မှာ ဦးချိုလေးဖော[၁၄/ဖပန(နိုင်)၀၉၁၇၇၂]ဖြစ်ပါသည်။

**ဦးချိုလေးဖော**

**ရောင်းမည်**

အလုံ ကမ်းနားလမ်းမပေါ်၊ Strand Condo အဆင်-မြင့် ပြင်ဆင်ပြီး 1350 Sqft၊ သိန်း(၂၆၀၀)

ဖုန်း-၀၉-၅၁၃၃၉၅၈၊ ၀၉-၅၁၁၂၀၀၆

**၅ သိန်းခွဲဖြင့် ရောင်းမည်**

1. Counter ဆိုဒ်ကြီး ၁ လုံး
2. Computer table ၃၆ လုံး
3. Hotel Chair ၃၆ လုံး

ခွဲမရောင်းပါ။ ဖုန်း-၀၉-၇၃၁၄၄၂၉၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးဇေယျာဝင်းကို[၁၂/ကတန(နိုင်)၁၀၃၆၉၆]၏ တတိယတန်း ရေယာဉ်အုပ်လက်မှတ်အမှတ် ဆတ-၄၀၀/၁၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၃၁၅၈၀၀**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများရှိ စက်ယန္တရားများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါစက်အရန် ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Spare Parts for CIFA Batching Plant | 1Lot | Italy | CIF(Yangon) |
| ၂။ | Spare Parts for Excavator | 1Lot | Japan | CIF (Yangon) |


၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၉-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၆-၁၀-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅

**သွေးသည်အသက်**

**အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း** ဦးစိန်ပိုင်(ခ)ဦးရာစင်[၇/လပတ(နိုင်)၀၈၆၆၈၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ပိုင်(ခ)ဦးရာစင်**





# သထုံမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံး၏ လုပ်ငန်းဆောင်ရွက်မှုများအား လိုက်လံကြည့်ရှု

**သထုံ စက်တင်ဘာ ၆**

ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအောက်ထပ်တွင် ဖွင့်လှစ်ထားရှိသည့် သထုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရုံးခန်းဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား စက်တင်ဘာ ၄ ရက်၊ ညနေ ၃ နာရီက ဌာနတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ လိုက်လံကြည့်ရှုစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရုံးများအား အကောင်အထည်ဖော်ကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေကြောင်း၊ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် တစ်နေရာတည်းတွင် အချိန်တိုအတွင်း အဆင်ပြေစွာဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုထက်ပိုမိုကောင်းမွန်အောင် ကြိုးပမ်းကြစေလိုကြောင်း သို့မှသာ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုများ တိုးပွားလာမည်ဖြစ်ပြီး ဦးစီးဌာနများအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကလည်း ဆက်ဆံရေးပြေပြစ်စွာဖြင့် စေတနာထားကာ ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးကြစေလိုကြောင်းဖြင့် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဌာနတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား မေးမြန်းရာ သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူတို့က မိမိတို့ဌာနအလိုက် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား အချိန်တိုအတွင်း ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးကို ဇူလိုင် ၂၀ ရက်မှစတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ပြည်သူလူထုနှင့် အများဆုံးထိတွေ့ကာ လုပ်ငန်းများ ဆောင်ရွက်နေရသည့် ဌာနများမှ ထုတ်နုတ်အင်အားတို့ဖြင့် စုဖွဲ့ကာ ဖွင့်လှစ်ထားရှိခြင်းဖြစ်ပြီး ယနေ့အချိန်အထိ ဌာန ၁၀ ခုကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကျင်းပ

**ဗန်းမော် စက်တင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ အထက(၃) ကျောင်း၊ မြဝတီခန်းမ၌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သက်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင် ဒေါ်မြကြည်နှင့် အထက(၃)ကျောင်း တာဝန်ခံဆရာမ ဒေါ်အေးအေးရင်တို့က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်ပြီး အထူးမူးယစ်တပ်ဖွဲ့မှ ရဲမှူးသိန်းစိုးက မူးယစ်ဆေးဝါးဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းတပ်ဖွဲ့ ရဲအုပ် ဌေးလွင်က လူကုန်ကူးမှုဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနီမာမောင်က ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ကျန်းမာရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းဆွေးနွေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဗန်းမော်ခရိုင်(ပြန်/ဆက်)**

# ငါန်းဇွန်မြို့၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ငါန်းဇွန် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ မြို့နယ်အတွင်း မဲရုံပေါင်း ၁၃၉ ရုံအတွက် လုံခြုံရေးအနီးကပ်စောင့်ရှောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးဦးကျော်မြင့်က ရွေးကောက်ပွဲမဲဆန္ဒရှင်များစာရင်း၊ အမှားပြန်လည် ပြင်ဆင်ထားရှိမှုနှင့် ပါတီစုံမဲဆွယ်စည်းရုံးခြင်းစသည့် ရွေးကောက်ပွဲနှင့် ပတ်သက်သည်များကို ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ငွေကြေးဈေးကွက်များတွင် အောင်မြင်မှုရရှိရန် လိုအပ်သောပညာရပ်များနှင့် လေ့လာဆည်းပူးစရာများအကြောင်းဟောပြောမည်

**လားရှိုး စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏အနီးကပ်လမ်းညွှန်ကြီးကြပ်မှုဖြင့် Myanmar Golden Link နှင့် Victory International Futures တို့ပူးပေါင်းလျက် ငွေကြေးဈေးကွက်များတွင် အောင်မြင်မှုရရှိရန် လိုအပ်သောပညာရပ်များနှင့် လေ့လာဆည်းပူးစရာများအကြောင်းကို အင်္ဂလန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ ငွေကြေးစီမံခန့်ခွဲမှုဘွဲ့ရ Mr.Maurice Wee, Director, MGL Thailand နှင့် ဦးဇော်မင်းထွန်း ( Senior Associate, VIF) M.E( EcE), DBS, WBI TrainingProgram (Japan) တို့က Finding Success in Financial Markets (ငွေကြေးအရင်းအနှီးဈေးကွက်တွင် အောင်မြင်မှုကိုရှာဖွေခြင်း) ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါ Seminar ကို လားရှိုးမြို့ ရွှေဖူးစာခန်းမကြီးတွင် စက်တင်ဘာ ၁၄ ရက် ညနေ ၄ နာရီမှ ၆ နာရီထိ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

**ကြေးမုံ**

## "ဝတ္ထုရှည်စာတမ်းများဒုတိယအကြိမ်ပုံနှိပ်ဖြန့်ချိ"

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများရှိပါသည်။ မျက်မှောက်ခေတ်တွင်လည်း ထိုအစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်ရှိရုံမျှမက မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းပေးလျက်ရှိပါသည်။ တက္ကသိုလ်ဘုန်းနိုင်၊ ပါရဂူ၊ ထင်လင်း၊ မောင်ထင်၊ တက္ကသိုလ်ဝင်းမွန်၊ ဂယက်နီတို့က ၁၉၇၉ ခုနှစ်တွင် ဖတ်ကြားခဲ့သော ဝတ္ထုရှည်စာတမ်းများကို ယခုအခါ ဒုတိယအကြိမ်ပုံနှိပ်ဖြန့်ချိလိုက်ပြီဖြစ်ပါသည်။

ယခုပုံနှိပ်ဖြန့်ချိရာတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိသော ဝတ္ထုရှည်များကို "ဝတ္ထုရှည်အနှစ်သာရ"ခေါင်းစဉ်ဖြင့် ဦးအေးချို(မဟာဝိဇ္ဇာ)၊ မစန္ဒာ၊ ရွှေသဥ္ဇာ၊ လက်ရာရှည်ကျော်တို့၏ အပြုသဘောဆောင်သော ဆွေးနွေးချက်များကို ပုံနှိပ်ပြီး ပူးတွဲဖော်ပြထားပါသည်။

ထို့ကြောင့် မူရင်းစာတမ်းရှင်တို့၏ လက်ရာများအပြင် မျက်မှောက်ခေတ်စာရေးဆရာတို့၏ ခေတ်ပြိုင်ဝတ္ထုများအပေါ် ဝေဖန်သုံးသပ်ချက်များကိုပါ တစ်ထိုင်တည်း ဖတ်ရှုလေ့လာနိုင်ပြီ ဖြစ်ပါသည်။

စာပေဗိမာန်က ပုံနှိပ်ဖြန့်ချိသော "ဝတ္ထုရှည်များစာတမ်း"စာအုပ်မှာ ၅. ၇" × ၈. ၃" အရွယ်အစားရှိပြီး အဖုံးကို Art Card 210 gsm/ ၄ ရောင်ဖြင့်လည်းကောင်း၊ အတွင်းစာသားကို Wood Free စက္ကူဖြူချောဖြင့် ပုံနှိပ်ထားပြီး စာမျက်နှာ ၄၀၅မျက်နှာ (ခေါင်းစဉ်(?)ပုံစာမျက်နှာများမပါ)ပါရှိပါသည်။ စာပေဗိမာန်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ၃၅၀၀/-ကျပ်နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့်M.V HOEGH CHENNAL V.16 သင်္ဘောသည် ၉-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်း သို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း

အိတ်ဖွင့်တင်ဒါ(**Open Tender**)ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

(က) ရုံးသုံးစက်ကိရိယာ (၁၁) မျိုး
(ခ) ရုံးသုံးပရိဘောဂ (၁) မျိုး

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၇-၉-၂၀၁၅ ရက် |
| တင်ဒါလျှောက်လွှာပေးပို့ရန်နောက်ဆုံးရက် | - | ၁၈-၉-၂၀၁၅ ရက် |
| တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် | - | ၂၂-၉-၂၀၁၅ ရက်၊ နံနက် ၁၁ နာရီ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် ရေမီတာများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | ½"Ø ရေမီတာ | - | ၅၀၀လုံး |
| (ခ) | 1½"Ø ရေမီတာ | - | ၂၀၀လုံး |
| (ဂ) | 2"Ø ရေမီတာ | - | ၂၀၀လုံး |
| | တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၇-၉-၂၀၁၅ ရက် |
| | တင်ဒါပိတ်မည့်ရက် | - | ၂၀-၉-၂၀၁၅ ရက် |
| | တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**(ဖုန်း-၀၆၇-၄၀၃၂၁၉)**
**ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၁၀၄၂၉၆**

## ဝန်ထမ်းအလိုရှိသည်
**VMG Decoration**
**CAT, 3D Max**-ကျွမ်းကျင်
လုပ်ငန်းအတွေ့အကြုံရှိရမည်။
ဆက်သွယ်ရန်-ဖုန်း(၀၉)၂၅၃၁၀၃၂၆၁

## ကား မျိုးစုံ
(Alphard/Crown/MarkII/ ... /Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ... ငှားရမ်းပေးပါသည်။
Ph: 09795549249, 095418126

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

ကမ္ဘာလှည့်ခရီးသည်များနှင့်ပြည်တွင်းခရီးသည်များအား
သမိုင်းဝင်ဂုတ်ထိပ်တံတား ကြည့်ရှုလေ့လာနိုင်ရန် သံလမ်းပြေးယာဉ်ဖြင့်
နောင်ချို-နောင်ပိန်၊ နောင်ပိန်-နောင်ချို ခရီးစဉ်တွင် မြန်မာ့မီးရထားနှင့် အကျိုး
တူပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း

**(Expression of Interest)**

၁။ မြန်မာ့မီးရထားသည် ပြည်တွင်း၊ ပြည်ပခရီးသည်များ သမိုင်းဝင်ဂုတ်ထိပ်တံတားကို ကြည့်ရှုလေ့လာနိုင်ရန်အတွက် ခရီးသည် (၂၀)ဦးစီးနင်းနိုင်သည့် သံလမ်းပြေးယာဉ် Rail Gang Car (RGC) ဖြင့် ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုအစီအစဉ်(နောင်ချို-နောင်ပိန်/နောင်ပိန်-နောင်ချို) ခရီးစဉ်ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စား၍ လုပ်ကိုင်လိုသူများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ နောင်ချို-နောင်ပိန် ခရီးစဉ်နှင့် နောင်ပိန်-နောင်ချိုခရီးစဉ်တို့အား RGC ဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုနိုင်ရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာ (Expression of Interest)များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၆-၁၀-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်နှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)ဖြင့် ၇-၉-၂၀၁၅ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၃)တိုင်း-မန္တလေး၊ အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၁၃၊ ၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## မြစိမ်းရောင်စီမံကိန်းကျေးရွာများအကောင်အထည်ဖော်

**ခရမ်း စက်တင်ဘာ ၆**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သော ဆင်ကျွန်းကျေးရွာ၊ ကွဲတလင်းကျေးရွာ၊ တကောကန်ကျေးရွာ၊ ပလူကျေးရွာ၊ ညောင်လန်းကျေးရွာ၊ ဆင်မင်းအိုင်ကျေးရွာ၊ ပေါက်ပင်ကျေးရွာ၊ ကြူတောကျေးရွာ၊ အေးရွာနှင့် ကံကောင်းကျေးရွာ ၁၀ ရွာအားတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာစီမံကိန်းကျေးရွာများအလိုက် ကော်မတီအဖွဲ့မှ ချေးငွေအောင်မြင်သူများအားငွေထုတ်ချေးရာတွင် ဌာနမှသတ်မှတ်ပုံစံစာချုပ်များတွင် ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ဩဂုတ်လကုန်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ခရမ်းကျေးလက်)**

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကျေးရွာများ၌ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကျွန်းစု စက်တင်ဘာ ၆**

ကျွန်းစုမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများအား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံ၊ စီးပွားဝန်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃ ရက် နံနက်၇ နာရီမှ စတင်ကာ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေမြစ်ကြီးကျေးရွာအုပ်စု ဒိုးပုလဲအော်ကျေးရွာ၊ ဒိုးဆွေသန်းကျေးရွာ၊ ဒိုးညောင်မိုင်းကျေးရွာများရှိ ကျေးရွာပြည်သူများ၏ မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ ကျေးရွာချင်းဆက် လမ်းအပိုင်းများ၊ ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်ပေးနိုင်ရေး၊အခြေခံ ပညာကျောင်းများ အဆင့်တိုးမြှင့်ပေးနိုင်ရေးများအား ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာများရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပေတံများပေးအပ်၍ ကျေးရွာပြည်သူများအတွက် ဆိုလာမီးအိမ်များ၊ အဝတ်အထည်များလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုးပုလဲအော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကရင်ဘာသာရေးကျောင်းအတွက် ဘိလပ်မြေများ၊ သွပ်များလှူဒါန်းခဲ့ပေးခဲ့ကြပြီး ဒိုးပုလဲအော်ကျေးရွာရှိ ဆလုံတိုင်းရင်းသားလူမျိုးများ ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆလုံတိုင်းရင်းသား အိမ်ထောင်စု ၇၁ စုအား ဆန် ၇၁ အိတ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်တွင် ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေးဆွေးနွေးဟောပြောပွဲကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ထင်းအစားထိုး အခြားလောင်စာတိုးမြှင့်သုံးစွဲရေး ဆွေးနွေးဟောပြောပွဲကို ထန်းတောကျေးရွာအုပ်စု ရေကင်းကျေးရွာ ဓမ္မာရုံတွင် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး(၂)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ထင်းအစားအခြား လောင်စာတိုးမြှင့်သုံးစွဲရေး၊ မိရိုးဖလာအရ အသုံးပြုနေသော ဖိုခနောက်မီးဖိုများဖြင့် ချက်ပြုတ်ခြင်းထက် စွမ်းအားမြင့် မီးဖိုများသုံးစွဲပါက ထင်းသုံးစွဲမှု ၄၀ ရာခိုင်နှုန်း သက်သာစေမည်ဖြစ်ကြောင်း၊ ထင်းများသုံးစွဲမှု သက်သာစေရန်အတွက် နည်းလမ်းနည်းစနစ်များရရှိစေရန် တစ်လလျှင် ကျေးရွာသုံးရွာတွင် ဆွေးနွေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ဖြစ်ကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်ပြီး စဉ့်ကိုင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိဦးထွန်းညွန့်တင်က တန်ဖိုးငွေကျပ် ၁၂၀၀ ရှိ စွမ်းအားမြင့်မီးဖိုများ ပြည်သူများလက်ဝယ်တွင် ကျယ်ပြန့်စွာ ရောက်ရှိပြီး ချက်ပြုတ်စားသောက်ရာတွင် ထင်းကုန်ကျမှု သက်သာစေသောကြောင့် သစ်တောများ ပြုန်းတီးမှုကို ကာကွယ်ရာရောက်စေပြီး ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုရာရောက်စေကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ထန်းတောကျေးရွာအုပ်စု ရေကင်းကျေးရွာ ပြည်သူများအား စဉ့်ကိုင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လှူဒါန်းသော စွမ်းအားမြင့် မီးဖိုငါးလုံး၊ စဉ့်ကိုင်မြို့ စေတနာရှင်ပြည်သူများမှ လှူဒါန်းသော စွမ်းအားမြင့် မီးဖို ၄၅ လုံးကို အခမဲ့လှူဒါန်းခဲ့ပြီး မိရိုးဖလာ အသုံးပြုလျက်ရှိသော ဖိုခနောက်မီးဖိုနှင့် စွမ်းအားမြင့်မီးဖိုတို့ကို နှိုင်းယှဉ်၍ လက်တွေ့ချက်ပြုတ်ပြသရာ ကျေးရွာပြည်သူများမှာ စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



ရောဝတီတိုင်းဒေသကြီး ကြခင်းမြို့နယ် နာရီစင်အနီးတွင် စက်တင်ဘာ ၃ ရက်က ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် ကိုလင်းဦးစီးသော မျိုးချစ်ပရဟိတလူငယ်အဖွဲ့မှ သိဂီမင်းမင်းစိုး၊ အလက်ာ လုလင်ကောင်းကောင်းနှင့် ကျော်ထိုက်စံတို့က မြန်မာ့ရိုးရာခြင်းအလှခတ်ပြသ၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကောက်ခံပေးရာ အလှူငွေ ကျပ် ၇၆၀၀၀၀ ရရှိကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဝင်းဗိုလ်( ပြန်/ဆက်)




### အိမ်ရောင်းမည်

ပေ(၁၀×၆၀) ၁ထပ်ခွဲ ပျဉ်ထောင်၊ သွပ်မိုး၊ ရေ၊ မီးစုံ ဂရန်ပါ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းလိုသည်။ ဆက်သွယ်ရန်
ဖုန်း- ၀၉-၂၅၄၁၁၄၆၅၄









## ပြည်တွင်းရေးရာ

# ဆိုလာပြား ၅၂၉ ချပ်နှင့် ဆက်စပ် ပစ္စည်းများ မိုးနဲမြို့၌ ပေးအပ်

**မိုးနဲ စက်တင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပြည့်လျှံရွှေပြည် ကုမ္ပဏီမှ ၄ ပေ × ၂ပေ ဆိုလာပြား၊ မီးလုံးနှင့် မီးချောင်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ ပေးအပ်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း )၊ လင်းခေးခရိုင် မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးခွန်ဇော်မျိုး၊ ကုန်းလွန်းကျေးရွာနှင့် ဝမ်နားကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်က ကျေးရွာနေပြည်သူလူထု လျှပ်စစ်မီးအစား ဆိုလာစနစ်ဖြင့်မီးလင်းရေးအတွက် ဆောင်ရွက်ပေးရခြင်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးက ဆိုလာပြားနှင့် မီးလုံး၊ မီးချောင်းများ ချိတ်ဆက်အသုံးပြုခြင်းကိုသရုပ်ပြဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကုန်းလွန်းလွိုင်ချိုအုပ်စုအတွက် ဆိုလာပြား ၂၇၉ ချပ်နှင့် ဆက်စပ်ပစ္စည်းများ၊ ဝမ်နားအုပ်စုအတွက်ဆိုလာပြား ၂၅၀ ချပ်နှင့် ဆက်စပ်ပစ္စည်းကိုတာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူကြသည်အဆိုပါ ဆိုလာပြားများကို တစ်အိမ်လျှင် တစ်ချပ်နှင့်ဆက်စပ် ပစ္စည်းအဖြစ် မီးချောင်းတစ်ချောင်းနှင့် မီးလုံးသုံးလုံးစီပါရှိမည်ဖြစ်သည်။ **မြို့နယ် (ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ မြစ်ရေဝင် လယ်မြေများ ခက်ခက်ခဲခဲထွန်ယက်နေကြရ

**ရေစကြို စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ်လများက ချင်းတွင်းမြစ်ရေကြီးမှုကြောင့် လယ်ယာမြေများ၊ မြစ်ရေလွှမ်းပြီး မြစ်ရေကျသွားသောအခါ မကြုံစဖူး နုန်းများထူထူထပ်ထပ်ကျန်ခဲ့မှုကြောင့် မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရေး ခက်ခက်ခဲခဲ ကြိုးပမ်းထွန်ထက်နေကြရကြောင်းသိရသည်။

“ကျွန်တော့်လယ်မြေ ရေလွှမ်းခဲ့ပြီး ရေပြန်ကျသွားတော့ နုန်းထုတွေက ၈ လက်မ ၉ လက်မ ထုလောက်တင် ကျန်ခဲ့တယ်ဗျာ။ နွားနဲ့လည်း ထွန်လို့မရ၊ စက်ကြီးတွေလည်းဝင်လို့မရ မြေတွေကကျွံတော့ ဂွန်ဒေါင်းလက်တွန်းထွန်စက်နဲ့ ခက်ခက်ခဲခဲထွန်နေကြရတယ်။

“ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းထွန်လို့မရဘူး။ ရွှံ့ညွန်တွေက စေးကပ်နေတော့ စက်မရွေ့ဘူး။ လယ်ကွက်ထဲရေအပြည့်ထည့်ပြီးတော့ စက်ပေါ်တက်လိုက် အောက်ဆင်း လိုက်နဲ့ထွန်နေရတယ်။ ထွန်ပြီးတော့လည်း မြေမျက်နှာပြင် အနိမ့်အမြင့်ညီအောင် တော်တော်ညှိရဦးမယ့် စက်ခကတော့ ဆီတစ်ဂါလန်ကုန်ရင် ကျပ် ၁၀၀၀၀ ပေးရတယ်။

အရင်က ဒီလယ်တစ်ကွေခွဲ ဆီသုံးဂါလန်ဆို တမန်းညက်ပဲ။ ခုဆီလေးဂါလန်ကိုမျက်နှာပြင်မညှိရသေးဘူး ရွှံ့ညွန်တွေကပြစ်တွဲနေတာပဲ။အခုစိုက်ပျိုးရာသီ မီစိုက်ပျိုးနိုင်ဖို့ကြိုးပမ်းရတာ စိတ်လည်းမော၊ လူလည်း မောပါပဲ ။ငွေလည်း ကုန်နေပါပြီ”ဟု ရွှေချောင်းလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာမှ တောင်သူကိုချစ်အေးကပြောသည်။ **ဖေထွဏ်းဇော် (ရေစကြို)**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကနီမြို့နယ်သို့ ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ပေးအပ်

**ကနီ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ အား ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများထံသို့ စက်တင်ဘာ ၃ ရက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်း ၅၆ ခုတို့သို့ ပထမအကြိမ် ၅၀ရာခိုင်နှုန်း ခွင့်ပြုငွေများကို ထုတ်ပေးခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် မိမိတို့ဒေသအလိုက် လုပ်ငန်းအခြေအနေများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေမှ လုပ်ငန်း ၅၆ ခု အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပြီး သောက်သုံးရေရရှိရေးလုပ်ငန်း ခုနစ်ခု၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလုပ်ငန်း ၁၃ ခုနှင့် လမ်း၊ တံတားလုပ်ငန်း ၃၆ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

# သန့်ရှင်းသောသောက်ရေသန့်ရရှိသုံးစွဲနိုင်ရေးဆောင်ရွက်

**မြစ်ကြီးနား စက်တင်ဘာ ၆**

မြစ်ကြီးနားမြို့နယ်အတွင်း ကျေးလက်လမ်းများကောင်းမွန်ရေးနှင့် ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလေးထားအကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လမ်းလုပ်ငန်းသုံးခု ရေပေးရေးလုပ်ငန်းငါးခုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ၌ အရှည် ၁ မိုင် ၂ ဒသမ ၄၅ ဖာလုံရှိ နန်းကွေ့-နောင်ပုံ ကျောက်လမ်းကို ခွင့်ပြုငွေ ကျပ် ၁၀၂ ဒသမ ၇၆၂ သန်း အရှည် ၁ မိုင် ၂ ဒသမ ၄၅ ဖာလုံရှိ နန်းကွေ့-နောင်ပုံ မြေသားလမ်းကို ခွင့်ပြုငွေ ကျပ် ၂၆ ဒသမ ၀၉၈ သန်း၊ အရှည် ၁ မိုင် ၂ ဖာလုံရှိ ဆင်ဘိုမြို့ ငွေပျော် - အင်တိုင်ယန် မြေသားလမ်းကို ခွင့်ပြုငွေ ကျပ် ၂၄ ဒသမ ၉၇၅ သန်းဖြင့်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မော်ဖောင်းနှင့်လွယ်ခေါကျေးရွာတို့၌ လက်တူးတွင်း ငါးတွင်းစီကို ခွင့်ပြုငွေကျပ် ၂၇ ဒသမ ၅ သန်းစီ ၊ တီယန်ဇွပ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၂၁ ဒသမ ၅ သန်း ပင်တော်နှင့် ဆင်ဘိုမြို့ ရေနားပင်လုံကျေးရွာတို့၌ လက်တူးတွင်း နှစ်တွင်းစီကို ခွင့်ပြုငွေ ကျပ် ၁၁ သန်းစီတို့ဖြင့် ဇီးကွက်နှစ်ကောင်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ရန် တင်ဒါအောင်မြင်ထားကြောင်းသိရသည်။ **(၄၉၉)**

CALIFORNIA UNITEC ကျောင်းသူ၊ ကျောင်းသားမိဘများ မှ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

NATIONAL BTEC AWARDS 2015
BTEC
Toe Wai Linn

Toe Wai Linn from CALIFORNIA UNITEC (Institute of Engineering) is now available on Pearson's website and Pearson has just shared it today on social media channels.
Please see links below.
https://www.facebook.com/ProgressionPlus/photos/a.288720051259077.1073741825.270036003127482/670623579735387/?type=1&theater
Unitec.pdfhttps://twitter.com/ProgressionPlus/status/625940131355205632

Pearson International BTEC Award - ကမ္ဘာ့ဒုတိယဆု
Pearson မှ ချီးမြှင့်သော နိုင်ငံတကာထူးချွန်ကျောင်းသား (Pearson International BTEC Award 2015) ဆု ကို တစ်ကမ္ဘာလုံးရှိ HND Center များထဲမှ California Unitec မှ မောင်တိုးဝေလင်းသည် ကမ္ဘာ့ဒုတိယဆုကို ရရှိသဖြင့် California Unitec မှ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများမှလည်း အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။
www.californiaunitec.com facebook.com/ californiaunitec California Unitec မှ ကျောင်းသူ/သားမိဘများ
Block C နှင့် D ကြား 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44



## မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်

**ရမည်းသင်း စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ ပညာအလင်းစာကြည့်တိုက်ဆောက်လုပ်နေမှုနှင့် ဘုရားကုန်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်နေမှုကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးအရာရှိ ဒေါ်စမ်းစမ်းအေး ကြည့်ရှုအားပေးကာ စာကြည့်တိုက်ကော်မတီများကို ဖောင်ဒေးရှင်းလှူဒါန်းငွေနှင့် ကျေးရွာပြည်သူများ၏ လှူဒါန်းငွေများကို စနစ်တကျသုံးစွဲရေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်များကို မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာကြည့်တိုက်တစ်တိုက်လျှင်ကျပ် ၁၀ သိန်းစီ လှူဒါန်းပြီး ကျွဲတပ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံကို အလျား ၂၄ ပေ၊ အနံ ၂၄ ပေ အကျယ်အဝန်းကို နံကပ်သွပ်မိုးဆောက်လုပ်ကာ ဘုရားကုန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံကို အလျား ၂၄ ပေ၊ အနံ ၁၆ ပေ အကျယ်အဝန်းကို နံကပ်သွပ်မိုးဆောက်လုပ်လျက်ရှိပြီး ၇၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**



# မြစိမ်းရောင်စီမံကိန်းပါကျေးရွာ ၁၀ ရွာအား ရန်ပုံငွေကျပ်သိန်း ၃၀၀ စီလွှဲပြောင်းပေးအပ်

**ပျော်ဘွယ် စက်တင်ဘာ ၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းပါကျေးရွာ ၁၀ ရွာအား တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အမေထိန်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူး ဦးသောင်းထိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးနိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကို၊ မြို့မိမြို့ဖများ၊ မြစိမ်းရောင်စီမံကိန်းပါ ၁၀ ရွာမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ပျော်ဘွယ်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာများ မှာ စပါယ်ကုန်းရွာ၊ရွာသစ်ရွာ၊သဲပုတ်ရွာ၊ ဖွဲသင်းရွာ၊ဖျင်ဇင်းရွာ၊မိဖုရားကုန်းရွာ၊ ရှားပင်လှရွာ၊ အုတ်ဆပ်ပင်ရွာ၊ ချောင်းနားရွာနှင့်ကျွန်းတုန်းရွာ ကျေးရွာ၁၀ ရွာတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော မြစိမ်းရောင်စီမံကိန်း ပါ ကျေးရွာ၁၀ရွာမှကိုယ်စားလှယ်များအား တစ်ရွာလျှင်ရန်ပုံငွေကျပ်သိန်း ၃၀၀စီ လွှဲပြောင်းပေးအပ်ခဲ့သည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

# ကရင်ပြည်နယ် ဘားအံမြို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုများ ဆွေးနွေး

**ဘားအံ စက်တင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲ ဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်ဥက္ကဋ္ဌများ၊ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြ သည်။

ရှေ့ဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာက ကြာအင်းဆိပ်ကြီးမြို့နယ် လုံခြုံရေးစီမံထားရှိမှုကို လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများမှ ဆက်လက် တင်ပြဆွေးနွေးကြသည်။

ထို့နောက်ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးအတွက် အထူးရဲများခန့်အပ်ထားပေးရာတွင် ဆောင်ရွက်ရမည့် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အထူးရဲသင်တန်းများ ပို့ချရေး၊ ပြည်သူလူထုမှ အမြင်တင့်တယ် သိရှိနားလည်နိုင်အောင် ဆောင်ရွက်ပေးရေး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လုံခြုံရေးကော်မတီများ ဖွဲ့စည်းပေးခဲ့သည်။ ဆောင်ရွက်ပေးရမည့် တာဝန်များကိုလည်း သတ်မှတ်ပေးထားပြီး ဖြစ်၍ ရွေးကောက်ပွဲ လုံခြုံရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို မကြာမကြာဆောင်ရွက်ရေး၊ ရွေးကောက်ပွဲမတိုင်ခင်ကာလ၊ မဲဆွယ်စည်းရုံးကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလ လေးပိုင်းလုံးတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်ပြီး အားနည်းချက် အားသာချက်များကို မှတ်တမ်းပြုစုထားရှိဖို့လည်းလိုသည်ဟု ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့မတိုက်နယ် ကျွဲဖြူကန်တိုက်နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၏ ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကိုစက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးပိုင်၊ ဦးအောင်သန်းဝင်း၊ ဦးဝင်းလေးတို့က ရွေးကောက်ပွဲဆိုင်ရာ စုဝေးခွင့်၊ ဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ဥပဒေများ၊ ကြိုတင်ဆန္ဒမဲ ရပ်၊ ကျေးကော်မရှင်လုပ်ငန်းလမ်းညွှန်နှင့်ပုံစံများရေးသွင်းမှု၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းများကို ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးဟိန်းထက်အောင်က ရွေးကောက်ပွဲကျင်းပရခြင်းနှင့် မဲရုံတည်ဆောက်မှုအခြေအနေများ၊ မဲစာရင်းအချိန်မီကပ်နိုင်ရေး၊ မဲရုံသုံးပစ္စည်းများ ပျက်စီးမှုမရှိရေးတို့ကို ဆွေးနွေးခဲ့သည်။ **၅၈၀**

## အလုပ်သင်ဗိုလ်–ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) (၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

တေဇ(၁၁)သူငယ်ချင်းများ၏ (၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူ တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ

| | |
|---|---|
| ရက်စွဲ | -၁၂-၉-၂၀၁၅ရက်(စနေနေ့) နံနက် ၆း၀၀နာရီ |
| နေရာ | -တပ်မတော်ဂေါက်ကွင်း |

မိတ်ဆုံညစာစားပွဲ

| | |
|---|---|
| ရက်စွဲ | -၁၂-၉-၂၀၁၅ရက်(စနေနေ့) ညနေ ၁၈း၀၀နာရီ |
| နေရာ | -M3 Food Centre၊ ဗဟန်းအားကစားဝင်း၊ တော်လှန်ရေးပန်းခြံရှေ့။ |

ဆွမ်းဆက်ကပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း

| | |
|---|---|
| ရက်စွဲ | -၁၃-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ၉နာရီမှ ၁၂နာရီထိ |
| နေရာ | -မိုးကုတ်ဆွမ်းစားဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ကမ္ဘာအေးကုန်းမြေ |

**တက္ကသိုလ်ဝင်တန်းအောင် သား၊သမီးများ ဆုချီးမြှင့်ခံယူရန် တက်ရောက်ပေးပါရန်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၆/၂၀၁၅-၂၀၁၆)**

**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| (က)ကျင်းပမည့်နေ့ရက် | -၁၇-၉-၂၀၁၅ရက်(ကြာသပတေးနေ့) |
| (ခ)ကျင်းပမည့်အချိန် | -မွန်းလွဲ ၁၃း၀၀နာရီ |
| (ဂ)ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် | -သစ်မာသစ်လုံး(၃၄၁၂)လုံး၊ (၅၁၆၇. ၉၅၆)တန် |
| (ဃ)ကျင်းပမည့်နေရာ | -မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ |

၂။ အိတ်ဖွင့်တလင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၉၀၁၀၇၃၅ နှင့် ၀၉-၄၃၂၀၂၅၄၄ သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (ကျပ်ငွေ)ဖြင့် စက်ပစ္စည်းကိရိယာတန်ဆာပလာများ ဝယ်ယူလိုပါသဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါအမှတ်စဉ် 05-DISI(စက်မှုလုပ်ငန်းစစ်ဆေးရေးပစ္စည်းကိရိယာများ)

(ခ) တင်ဒါအမှတ်စဉ် 06-DISI(ရုံးသုံးစက်ပစ္စည်းကိရိယာများ)

၂။ (က)တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်-၇-၉-၂၀၁၅ရက်(တနင်္လာနေ့)၊ ၉း၃၀နာရီ

(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် -၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ၁၆း၃၀နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ -စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၂၉၁၊ ၄၀၈၄၄၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရောဂါရှာဖွေရေးဌာနစိတ်၏ ဓာတ်ခွဲခန်းအတွက် ဓာတ်ခွဲခန်းသုံးပရိဘောဂများကို အဆင့်မြင့်ပြင်ဆင်လိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၅-၉-၂၀၁၅ရက်(အင်္ဂါနေ့) |
| တင်ဒါပိတ်မည့်ရက် | - | ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) |
| တင်ဒါပိတ်မည့်အချိန် | - | (၁၄း၀၀)နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူး(ရုံးခန်း) တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ နိုင်ပါသည်။

ဖုန်းနံပါတ်-၀၉-၅၀၈၄၁၄၉၊ ၀၁-၃၇၁၉၅၇

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING DRIVE V. 11 သင်္ဘောသည် ၉-၉-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ စီမံရေးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသည်။

(၁) ထရန်စဖော်မာများနှင့် ခွဲရုံသုံးပစ္စည်းများ

(၂) ဓာတ်အားလိုင်းပစ္စည်းများ

(၃) မြေအောက်ဓာတ်ကြိုးဌာနသုံးပစ္စည်းများ

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၇-၉-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၈-၉-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၂း၀၀နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့။**
**အမှတ်(၁၉၇၊ ၁၉၉) အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။**
**ဖုန်း-၀၁-၂၂၀၈၁၆**

# ဆေးပညာတွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာ

# ueonpurtoi;c/yr aumuc&&xm;aom tvlairm;Eiypn;rm;tm; a&ab;oijynorm;o vl'e;rtajctae

၂၀၁၅ခုနှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများအား ၂၉-၇-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ ကျပ်- ၁၆,၅၁၂သိန်း(တစ်သောင်းခြောက်ထောင် ငါးရာ့တစ်ဆယ့်နှစ်သိန်း)ကျော် လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။ (၂၉-၇-၂၀၁၅ ရက်နေ့မှ ၅-၈-၂၀၁၅ရက်အထိ အလှူရှင်များစာရင်းကို ဩဂုတ်လ ၁၀ရက်ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းဖော်ပြပြီးဖြစ်ပါသည်။) ကုန်သည်စက်မှုအသင်းချုပ်ထံ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများလာရောက် ပေးအပ်လှူဒါန်းကြပါသော ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်စေတနာရှင်များအား ရေဘေးသင့်ပြည်သူများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

အဆိုပါလှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်နှင့် တပ်မတော်ရေယာဉ်များ၊ UMFCCI နှင့် အသင်းဝင်များ၏ မော်တော်ယာဉ်များဖြင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်မှုများကို ဆောလျင်စွာဆက်သွယ်လှူဒါန်းခဲ့ပါသည်။ ထပ်မံ၍ ရေဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်လှူဒါန်းလျက်ရှိပါသည်။ အဆိုပါရေဘေးသင့်ပြည်သူများအတွက် စေတနာရှင် ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့အစည်းများအနေဖြင့် သော်လည်းကောင်း အလှူငွေများနှင့် ပစ္စည်းများလှူဒါန်းလိုပါက အသင်းချုပ်၏ ကမ္ဘောဇဘဏ် ဗဟိုစည်ဘဏ်ခွဲ ငွေစာရင်းအမှတ် ၀၆၁၅၀၃၀၆၁၀၀၉၉၀၉၀၁သို့လည်းကောင်း၊ အသင်းချုပ်အဆောက်အအုံ မြေညီထပ်ရှိ ရေဘေးသင့်ပြည်သူများ ထောက်ပံ့လှူဒါန်းရေး ကော်မတီ ရုံးခန်းသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပြီး လှူဒါန်းမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အသင်းချုပ်ရုံးဖုန်း Hot Line ၀၁-၂၃၀၁၅၆၅၊ ၀၁-၂၃၀၁၅၆၂၊ ၀၁-၂၃၀၁၅၆၄များနှင့် အသင်းချုပ်တွဲဖက်အတွင်းရေးမှူး ဦးဆန်းလင်း ဖုန်း-၀၉-၅၀၁၁၀၉၇၊ ဒေါ်ဇာခြည်ဦး ဖုန်း-၀၉-၉၇၉၈၂၅၇၃၁၊ ဒေါ်အေးအေးခိုင်-၀၉-၄၂၁၁၄၂၀၀၇သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းရေးကော်မတီ၊ ကုန်သည်စက်မှုအသင်းချုပ်**

**ရေဘေးသင့်ပြည်သူများအတွက် ကုန်သည်စက်မှုအသင်းချုပ်သို့ ၆-၈-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ ငွေသားနှင့်ပစ္စည်းအလှူရှင်များစာရင်း**

| စဉ် | အမည် | ကုမ္ပဏီ | ငွေကျပ် | ဒေါ်လာ | ပစ္စည်း | ပစ္စည်းတန်ဖိုး | စုစုပေါင်းတန်ဖိုး |
|---|---|---|---|---|---|---|---|
| 1 | Kalbe Intertional Pte.Ltd, Tin Ye Win Manufacturing Co.,Ltd | Kalbe Intertional Pte.Ltd, Tin Ye Win Manufacturing Co.,Ltd | | | Zee Cholocolate Milk | 102,918,400 | 102,918,400 |
| 2 | ဦးရီရှင်း | | 50,000,000 | | | | 50,000,000 |
| 3 | AEON 1%Club Foundation, Japan | AEON Groups of Companies | | 20,000 | | | 25,560,000 |
| 4 | Mr.Min Park(MD) | (LG Electronics-Myanmar Branch) | 11,700,000 | | 7,576,500 | | 19,276,500 |
| 5 | BHN Association | BHN Association | | 5,000 | | | 6,390,000 |
| 6 | ဦးသန်းအောင် | Global Sky | | | ခေါက်ဆွဲခြောက်2329 box | 14,674,800 | 14,674,800 |
| 7 | မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) | မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) | 10,060,000 | | ဆေးဝါးနှင့်စားသောက်ကုန် | | 10,060,000 |
| 8 | ညောင်ပင်လေးပလာဇာ(Private Market)ဈေးသူ၊ ဈေးသားများ | ညောင်ပင်လေးဈေးပလာဇာ(Private Market)ဈေးသူ၊ ဈေးသားများ | 10,000,000 | | | | 10,000,000 |
| 9 | ဒေါ်ဝင်းဝင်းတင့် | City Love and Hope Foundation/ City Mart Holding | 10,000,000 | | | | 10,000,000 |
| 10 | ဦးလှဦး | Good brothers Co.,Ltd | 9,520,000 | | 12Kgရေစုပ်စက် 17လုံး | 9,520,000 | 9,520,000 |
| 11 | Best Hubo Co;Ltd | Best Hubo Co;Ltd | 1,000,000 | | | | 1,000,000 |
| 12 | REGENCY MATERIAL TDG CO;Ltd | REGENCY MATERIAL TDG CO;Ltd | | 5,000 | | | 6,390,000 |
| 13 | ဦးချစ်ကိုကိုဇော် | | | | Global စားသုံးဆီ 1Liter 4500ဘူး | 5,400,000 | 5,400,000 |
| 14 | မြန်မာနိုင်ငံဆေးပစ္စည်းနှင့် ဆေးကုန်သည်များအသင်း | မြန်မာနိုင်ငံဆေးပစ္စည်းနှင့် ဆေးကုန်သည်များအသင်း | 3,870,000 | | | | 3,870,000 |
| 15 | ဒေါက်တာဝင်းစည်သူ | MEDI Myanmar Co;Ltd | | | ဆေးမျိုးစုံပါအထုပ်-2000 | | 6,226,000 |
| 16 | ဦးဝေဖြိုး<br>ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် | ချိုချိုကုမ္ပဏီလီမိတက်<br>AA Medical Products Ltd | | | ရေသန့်ဆေးပြား အလုံးရေ (45000) | 2,880,000 | 2,880,000 |
| 17 | မကေသီကျော် | | | | သက်နံ့း 200ထည် | 1,560,000 | 1,560,000 |
| 18 | အောင်သပြေကော်ဇော | အောင်သပြေကော်ဇော | | | တာပေါ်လင်အချပ်-1000 | 1,445,650 | 1,445,650 |
| 19 | ဦးဝေဖြိုး | ချိုချိုကုမ္ပဏီလီမိတက် | | | ရေသန့်စက်(Sawyer Point one TM Filter Bucket Adapter Kit 20Piecs) | 1,285,000 | 1,285,000 |
| 20 | ကိုကင်း+ကြီးစီ မိသားစု | ရနောင်းမြို့၊ ထိုင်းနိုင်ငံ | 1,500,000 | | | | 1,500,000 |
| 21 | Mr.Osamu Tanabe | Yangon office Nippo Cooperation | | 1,000 | | | 1,278,000 |
| 22 | ဦးမောင်လွမ်း+ဒေါ်စန်းကြူမိသားစု | | 1,000,000 | | | | 1,000,000 |
| 23 | ဦးတင်ဦး | IEM Co;Ltd | 1,000,000 | | | | 1,000,000 |
| 24 | အမည်မသိအလှူရှင် | | 1,000,000 | | | | 1,000,000 |
| 25 | Thet Paing Soe Co;Ltd | Thet Paing Soe Co;Ltd | | | နို့မှုန့်ဘူး 48ဘူး | 945,600 | 945,600 |
| 26 | KBL Fashion Co;Ltd | KBL Fashion Co;Ltd | 182,600 | 550 | | | 885,500 |
| 27 | Aeon Myanmar Representation Office Member | Aeon Myanmar Representation Office Member | | 500 | | | 639,000 |
| 28 | MR.KOICHI YOSHIDA & MR.MAKOTO YASUDA | Bell Wood Co.,Ltd | | 500 | | | 639,000 |
| 29 | DATUK CS WONG & Family | | | 500 | | | 639,000 |
| 30 | TAI HONG Garment Co.,Ltd | TAI HONG Garment Co.,Ltd | | | T-Shirtအထည် 2000 | 600,000 | 600,000 |
| 31 | မြန်မာနိုင်ငံစွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း | မြန်မာနိုင်ငံစွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း | | | Alpine ရေသန့် အလုံးရေ (3000) | 600,000 | 600,000 |
| 32 | SDI Garment | SDI Garment | | | T-Shirtအထည် 2000 | 600,000 | 600,000 |
| 33 | ဦးမောင်မောင်တင် | YASMIN ENTERPRISE Co;Ltd | 500,000 | | | | 500,000 |
| 34 | ဦးကျော်နိုင်ထွန်း | Global Asia Co;Ltd | 500,000 | | | | 500,000 |
| 35 | Mr.Niejun | Peach Garment Co;Ltd | 500,000 | | | | 500,000 |
| 36 | ဦးဇော်မင်းထွန်း | Asia Gold Industrial Co;Ltd | 500,000 | | | | 500,000 |
| 37 | ဖိုး၊ကြေး၊ပန်း၊မန်၊ခိုင်မိသားစု | | 500,000 | | | | 500,000 |
| 38 | ဦးစိုးကြင် | Aung Kyun Thar Co;Ltd | 500,000 | | | | 500,000 |
| 39 | ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် | AA Medical Products Ltd | | | ရေသန့်ဆေးပြားအလုံးရေ(16000) | 512,000 | 512,000 |
| 40 | Peach Garden Garment | Peach Garden Garment | | | Rain Coat အထည် 100 | 500,000 | 500,000 |
| 41 | Cherry Lwin Phillip Lwin Patrick Lwin, Ni Ni, ဦးအဖောင်-ဒေါ်ခင်ရီ | | 450,000 | | | | 450,000 |
| 42 | ဦးစိန်ဝင်း | ကောင်းစံကြာဆံ | | | ကြာဆံအထုပ်ရေ 900 | 270,000 | 270,000 |
| 43 | Contral Star Co.,Ltd | Contral Star Co.,Ltd | | | T-Shirt အထည် 500 | 250,000 | 250,000 |
| 44 | ဦးစိန်မြင့် | Ok ဆားစက် | | | ဆား 50ကျပ်သား အိတ် 100 | 100,000 | 100,000 |
| 45 | မရည်မွန် | | 300,000 | | | | 300,000 |
| 46 | ဒေါ်သန်းရွှေ | | 300,000 | | | | 300,000 |
| 47 | စစ်ရေးချုပ်ရုံးတပ်မတော်ကြည်း၊ ရေ၊ လေအရာရှိ စစ်သည်၊ အရပ်သူ/ သားဝန်ထမ်းအငြိမ်းစားများအဖွဲ့ | | 300,000 | | | | 300,000 |
| 48 | Ms.Willma Driessler (Senior Management Advisor) | UMFCCI | 265,000 | | | | 265,000 |
| 49 | Chit Pan Nu Family | Chit Pan Nu Family | 100,000 | | | | 100,000 |
| 50 | ဒေါ်သန်းသန်း၊ ဦးမောင်မောင်ဝင်း ဒေါ်ဥမ္မာလွင် | | 100,000 | | | | 100,000 |
| 51 | ဦးဆီရှောက် | | 100,000 | | | | 100,000 |
| 52 | မြန်မာနိုင်ငံအဝေးပြေးကုန်စည် ပို့ဆောင်ရေးအသင်း | | 100,000 | | | | 100,000 |
| 53 | ဦးအောင်မင်းထွေး(မြစ်ကြီးနား) | | 100,000 | | | | 100,000 |
| | | | စုစုပေါင်း | | | | 306,529,450 |

Remarks-1USD=1278.0


အဆင့်မြင့်
ရွှေမင်္ဂလာဈေး
ဆိုင်ခန်းတန်ဖိုး၏ ၃၀% သာ ပေးချေ၍
သင့်စီးပွားရေးလုပ်ငန်းများ ချက်ချင်းအကောင်အထည်ဖော်လိုက်ပါ ...
RV
M.T.P
123rd St
ရွှေမင်္ဂလာဈေး၏ အားသာချက်များ
မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးတို့နှင့် အဝန်းအဝိုင်းတစ်ခုထဲတွင် တည်ရှိခြင်း။
ယုဇနပလာဇာ၊ တော်ဝင်ပလာဇာတို့နှင့် နီးကပ်စွာတည်ရှိခြင်း။
(၁၀၀)ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ စိတ်ကြိုက်ဆိုင်ခန်းများကိုမျက်မြင်ဝယ်ယူနိုင်ခြင်း။
မိမိစိတ်ကြိုက် ကုန်ပစ္စည်းများကို ချက်ချင်းဖွင့်လှစ်ရောင်းချနိုင်ခြင်း။
ရောဝတီဘဏ်နှင့် ချိတ်ဆက်၍(၁)နှစ်၊(၃)နှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း။
လူနှင့်ကုန်ပစ္စည်းများအသုံးပြုရန် စက်လှေကားနှင့်ဓာတ်လှေကားများ ပါဝင်ခြင်း။
အရောင်းဆိုင်ရှင်များနှင့် ဈေးဝယ်သူများအတွက် လုံလောက်သော
သီးသန့်ကားပါကင်ပါဝင်ခြင်း။
မည်သည့်ဈေးများတွင်မှ ပါဝင်ခြင်းမရှိသော အလိုအလျောက်မီးငြိမ်းသတ်စနစ်၊
Automatic Breakerနှင့်တကွ လုံခြုံရေးCCTV ကင်မရာပါရှိခြင်း။
မြန်မာနိုင်ငံတစ်ဝန်းသို့ ကုန်ပစ္စည်းများဖြန့်ဖြူးရာ အဓိကနေရာဖြစ်သော
ရန်ကုန်မြို့၊ မင်္ဂလာဈေးဝင်းအတွင်းတည်ရှိသည့်
'ရွှေမင်္ဂလာ' အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုပါသလား...?
HOT LINE
0926 200 90 10
0926 200 90 20
0926 200 90 30
0926 200 90 40
0926 200 90 50
ရန်ကုန်မြို့တော်စည်ပင်သာယာနှင့် အောင်မြင်သူကုမ္ပဏီတို့
အကျိုးတူပူးပေါင်းဆောက်လုပ်ထားသော အဆင့်မြင့်ဈေးသစ်ကြီး

ကြော်ငြာ


Ayarwaddy Legend Travels & Tours မှ စီစဉ်သော

ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း

**စိန်ရောင်ခြည်**

- အိန္ဒိယနိုင်ငံရှိ ဘုရားဖူးရာ သံဝေဇနီယလေးဌာန၊ အဋ္ဌမဟာဌာန၊ နယူးဒေလီ၊ တဇ်မဟဲလ်၊ အိန္ဒိယခရီးစဉ်သို့
  (၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) ( Oct 7 / Nov 16 / Dec 11)
  (၇ ညအိပ် / ၈ ရက် ခရီးစဉ်များ) ( Oct 23 / Nov 9 / Dec 4 )
- ခရီးစဉ်တစ်လျှောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် စေ့စေ့စပ်စပ် ပြည့်စုံသောဝန်ဆောင်မှုများပေးခြင်း။
- ကုမ္ပဏီများ အသင်းအဖွဲ့များ၏ ခရီးစဉ်များအတွက် အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးပါသည်။
- သီးသန့်သွားရောက်သူများအတွက်လည်း အထူးစီစဉ်ပေးပါသည်။

ရန်ကုန် ☎ ၊ ၂၄၁၂၆၂ ၊၀၉-၄၂၁၁၀၆၄၅၂ ၊ ၃၉၈၃၀၃ ၊ ၃၉၈၃၀၄ ၊ ၂၅၂၀၀၇ ။
မန္တလေး ☎ ၊ ၀၉- ၄၀၂၆၉၄၈၄၈ ၊ ၀၉-၈၆၀၀၂၁၈။

**Asian Green Adventure** Travel & Tour Co., Ltd.

စိမ်းလန်းစိုပြေသော သဘာဝ ခရီးစဉ်များကို အဓိကစီစဉ်သည့် AGA Travel ... !!!

- ငွေတောင်ပြည်/တယားပြည်နယ်လွိုင်ကော် တောင်တွဲစေတီအလှနှင့် ကယန်းလူမျိုးတို့၏ သဘာဝ လူနေမှုအလှ (4D/3N) (Sep. 25)
- ရုရှားနိုင်ငံ၏သင်္ကေတ ရင်ပြင်နီ၊ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သော GUMကုန်တိုက် နှင့် အထင်ကရနေရာများ ... (7D/6N) (Oct. 3)
- ဂျပန် တိုကျိုခရီးစဉ် ... (6D/5N) (Nov. 23) (Japan / Tokyo Tour)

Tel : 01 552156, 09 73205529, 09 252169029, 09 258877776, 09 250704014, 09 302057744
Add : 62, Awba Street, Kyauk Myaung Ward, Tamwe Township, Yangon.
Email : asiangreenadventure.travels@gmail.com

Building a Brighter FUTURE

Since 2007

**VALUESTAR**
EDUCATION CENTRE

- **Human Resource Management**
  တနင်္ဂနွေနေ့ (နံနက်၉:၀၀ မှ ၉:၀၀ထိ) ၁၃.၉.၂၀၁၅ စမည်။
- **Financial Management**
  ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁၀.၉.၂၀၁၅စမည်။

09-5043580, 5200547, 09-450001145

တိုက်(၁၅)၊ ပထမထပ်၊ ဦးထွန်းလင်းချိုလမ်းထိပ်၊ Giordano ဟက်ရှင်ဆိုင်မျက်စောင်းထိုး၊ လှည်းတန်း မှတ်တိုင် အနီး။
တိုက်(၅) ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊ လှည်းတန်းသင်္ဂဟတိုက်၊ ဦးထွန်းလင်းချိုလမ်း၊ လှည်းတန်း။

**VAC** VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

**VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။**

ဝန်ထမ်းလိုအပ်နေသော လုပ်ငန်းရှင်များအတွက်
အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ စိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။
ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။
မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။

VAC မှတစ်ဆင့် အလုပ်ရရှိလျှင် အလုပ်လျှောက်သူဝန်ထမ်းမှ ဝန်ဆောင်ခပေးရန်မလိုပါ။

**Job Openings for Foreign Telecom Firms**

| | |
|---|---|
| **Sales Planning & Developement Manager - Officer**<br>- Planning Exp On Channel Expansion Plan , Prioritization Coverage | (4) |
| **Sales Data Analytics Manager - Officer**<br>- Exp On Sales Data Analysis , Strong Analytical & Quantitative Skills | (4) |
| **Sales Logistics Manager - Officer**<br>- Exp On Logistics Management ( Pre Telecom Products & Services) | (4) |
| **Sales Commission Management Manager - Officer**<br>- Develop Commission Payement tools, Collect & Analyze Require Data, Can Use MS Acess | F(1) |
| **Sales Support Process & IT Manager - Officer**<br>- Exp On Sales Support Process Of FIXED Or Mobile Telecom Operator | (1) |
| **Distributor Channel Manage Manager - Officer**<br>- Ability to Understand the Working Dynamics Of Distribution Channels | (1) |
| **Direct Dealer Management Manager - Officer**<br>- Exp In Developement & Management Of Sales Channel ( Dealers/Shop ) | (1) |
| **B2B Sales Staff**<br>- B2B Sales Exp In Telecom / IT Is Preferred, | (10) |
| **Wholesale Process & IT Manager - Officer**<br>- Exp In Process Management ( Order Control,Documents Control,Billing ) | (1) |
| **International Wholesale Manager - Officer**<br>- Manage International Wholesale Business | (1) |

E-mail ဖြင့်လျှောက်ထားနိုင်သည် ၊ CVကို MiccroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like Value Added Consultancy
No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094





ForOver Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
5% to 25% off
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်။
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015
နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
6-9-2015 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ စိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ ပိုင်းစုခိုင်သိန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
*Rဇာနည်၊ ဘန်နီဖြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ပိုင်းစုခိုင်သိန်း၊နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း *
(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။


Special Grand Opening Sales 15%off
3D CAD/CAM Designs

# ချင်းတောင်ပေါ်တွင်မြေပြို၍ သဘာဝဆည်ဖြစ်ပေါ်နေသည်ဟူသော သတင်းများထွက်ပေါ်နေမှုအပေါ် သွားရောက်လေ့လာ

*ကလေးမြို့နယ် မှန်တောရွာမှ ချင်းပြည်နယ် ဟားခါးမြို့သို့သွားသည့် နွေရာသီလူသွားလမ်းပေါ်ရှိ ဟန်ဒါရွာမှ သုံးမိုင်ခန့်အကွာ ဟိုင်ဖိုင်းရွာ ကျေးရွာချင်းဆက် ဒေါင်ဖားချောင်းကူးတံတား မြေပြိုပျက်စီးပိတ်ဆို့ကာ သဘာဝမြေပြိုဆည်တစ်ခုဖြစ်ပေါ်နေသည်ဟူသော သတင်းများထွက်ပေါ်နေသည့်အပေါ် စွန့်စွန့်စားစားသွားရောက်လေ့လာခဲ့သည့် ကလေးလွင်ပြင်ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့မှ ကိုသန့်ဇင်လင်းနှင့် တွဲလက်များပရဟိတအဖွဲ့မှ ကိုလှိုင်ထွန်းတို့၏ အတွေ့အကြုံများအပေါ် မေးမြန်းထားမှုအား ဖော်ပြလိုက်ပါသည်။*




ချင်းပြည်နယ်အတွင်း မြေပြိုမှုများကို လေ့လာနေသော ကလေးလွင်ပြင် ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့သားများကို တွေ့ရစဉ်။ (ဓာတ်ပုံ - သန့်ဇင်လင်းနှင့် လှိုင်ထွန်း)

**မေး။ ။ ချင်းတောင်ပေါ်မှာ မြေပြိုလို့ သဘာဝမြေပြိုဆည်တွေ ဖြစ်လာတယ် ဆိုတဲ့အပေါ်မှာ အစ်ကိုတို့နှစ်ယောက် စွန့်စွန့်စားစား သွားဖြစ်ခဲ့ပုံလေးကို ပြောပြပေးပါ။**

ဖြေ။ ။ အစ်ကိုတို့ နှစ်ယောက်ရယ်၊ စက်လှေမောင်းသမားနဲ့ လမ်းပြ၊ အားလုံး လေးယောက်သွားပါတယ်။ မဏိပူရမြစ်အတိုင်း ကမ်းပါးနီဆိပ်ကနေ ဆန်တက်တဲ့အခါ နှစ်နာရီခွဲလောက်ဆန်ရပါတယ်။ သူတို့အရပ်အခေါ်အရ ကျောက်ညီနောင်ကို ရောက်ပါတယ်။ မွန်းတည့် ၁၂ နာရီမှာ တောင်ပေါ်ကို တက်လိုက်တယ်။ အဓိကကတော့ ဒေသခံလမ်းပြရဲ့ အရေးပါမှုတွေပါပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် လမ်းကအတော်ကို မတ်စောက်ပါတယ်။ တော်တော်လေးတက်ရပါတယ်။ သတ်မှတ်ထားတဲ့ ကီပေါ်ဆိုတဲ့ ရွာလေးကို ညနေ ၅ နာရီလောက် ရောက်သွားတယ်။ ကီပေါ်ရွာ အုပ်ချုပ်ရေးမှူးအိမ်မှာ စောင့်ဆိုင်းပြီးတော့မှ နောက်တစ်နေ့ သွားရမယ့်ရွာတွေ လှမ်းချိတ်ရတယ်။ အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ အဲဒီရွာလေးတွေမှာ အရင်ကတည်းက

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒

## တမူးခရိုင် ရေဘေးသင့်ကျေးရွာများတွင် မြေနေရာသစ်နှင့် အိမ်ရာများ တည်ဆောက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၆**

တမူးဒေသတွင် ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်သွားသောကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာသစ်၊ မြေနေရာသစ်များ ဖော်ထုတ်ရေးလုပ်ငန်းများ၊ အိမ်ရာများ ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတာဝန်ယူလျက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တမူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့ဖြင့် ပူးပေါင်းလျက် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## မြန်မာနိုင်ငံသား ၁၀၅ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

သတင်း စာမျက်နှာ » ၆

## နိုင်ငံတော်မှ ထောက်ပံ့သော စပါးမျိုးများကို ထွန်ရေးမဲ့ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ကလေးမြို့နယ်တွင် စိုက်ပျိုးလျက်ရှိ

စာ » ၇

## ရီးယဲလ်တိုက်စစ်အတွဲ စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ကိုခေါ်ယူဖို့ ကြိုးပမ်းသွားမယ့် မန်ယူ

စာ » ၁၃






themirror.npt@gmail.com
www.facebook.com/themirrordaily